# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၄) ရက်၊ ကြာသပတေးနေ့ ၊ (6-7-2023) ၊ အတွဲ (၃၂)၊ အမှတ် (၀၆၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါကဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် His Highness Sheikh Ahmad Nawaf Al-Ahmad Al-Sabah နှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် His Highness Sheikh Ahmad Nawaf Al-Ahmad Al-Sabah နှင့် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးသည်။

### ရင်းရင်းနှီးနှီး ဆွေးနွေး

ထိုသို့ဆွေးနွေးရာတွင် နှစ်နိုင်ငံချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆက်ဆံမှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

➢ ➢ ➢



ကူဝိတ်နိုင်ငံဝန်ကြီးချုပ် His Highness Sheikh Ahmad Nawaf Al-Ahmad Al-Sabah



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## သဒ္ဒါဖြူဖွေး ဓလေ့သွေး ပေးလှူမကွာ တို့မြန်မာ ဆောင်းပါး

စာမျက်နှာ - ၂၂

## နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

စာမျက်နှာ - ၁၆



## ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိ ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၇ ဒသမ ၃၆ ဘီလီယံထိ ဆောင်ရွက်နိုင်ခဲ့

စာမျက်နှာ - ၅

**မှတ်သားဖွယ်ရာ မိုးရေချိန်များ (၅-၇-၂၀၂၃)**

| | | |
|---|---|---|
| ရေး | ၃ | ဒသမ ၇၄ လက်မ |
| ခန္တီး | ၂ | ဒသမ ၄၈ လက်မ |
| ညောင်လေးပင် | ၂ | ဒသမ ၂၈ လက်မ |
| မင်းပြား | ၂ | ဒသမ ၂၀ လက်မ |
| ခရမ်း | ၂ | ဒသမ ၁၂ လက်မ |
| သထုံ | ၂ | ဒသမ ၀၅ လက်မ |
| ပူတာအို | ၁ | ဒသမ ၉၃ လက်မ |
| လောင်းလုံး | ၁ | ဒသမ ၈၉ လက်မ |
| ပေါင် | ၁ | ဒသမ ၈၅ လက်မ |
| ချောင်းဆုံ | ၁ | ဒသမ ၈၅ လက်မ |
| ကျိုက္ခမီ | ၁ | ဒသမ ၈၁ လက်မ |




ရတနာပုံ
၂၀၂၃ ခုနှစ် ဇူလိုင် ၆ ရက်
အယ်ဒီတာ့အာဘော်

# မြေဆီစိုခိုက် သစ်ပင်စိုက် စိမ်းလန်းစေရေး စိုက်ပျိုးပေး

“ဥတုရာသီ တောကိုမှီ”ဆိုသည့်အတိုင်း နေ့စဉ် မိုးလေဝသအခြေအနေများ၊ နှစ်အလိုက်ဖြစ်ပေါ်လျက်ရှိသော ရာသီဥတုအခြေအနေများသည် သစ်တော၊ သစ်ပင်များအပေါ် များစွာတည်မှီလျက်ရှိသည်။ လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို သစ်တော၊ သစ်ပင်များက စုပ်ယူပြီး ရာသီဥတုမျှတကောင်းမွန်လာစေရေး၊ ပတ်ဝန်းကျင်ဂေဟစနစ်များ တည်ငြိမ်စေရေးကို အထောက်အကူပြုလျက်ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် သစ်တော၊ သစ်ပင်များ တိုးပွားဖြစ်ထွန်းစေရန် သစ်ပင်များစိုက်ပျိုးကြရမည်ဖြစ်ပေသည်။

သစ်ပင်များစိုက်ပျိုးရာတွင် မိုးကြိုကာလ၌ နေရာဒေသအလိုက် သစ်ပင်များစိုက်ပျိုးကြသကဲ့သို့ မိုးတွင်းကာလ မြေဆီအစိုဓာတ်ရရှိသော ဇွန်၊ ဇူလိုင်လတို့တွင်လည်း သစ်ပင်များစိုက်ပျိုးကြသည်။ ယခုကဲ့သို့ မိုးကာလရောက်တိုင်း သက်ဆိုင်ရာဌာနအသီးသီးတို့က ပုံစံအမျိုးမျိုးဖြင့် သစ်ပင်များစိုက်ပျိုးကြသည်။ သစ်တောဦးစီးဌာနနှင့်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့အနေဖြင့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများ နှစ်စဉ်လျာထားချက်ပြည့်မီရေး မိုးကာလတွင် အလေးထားစိုက်ပျိုးကြသည်။

သစ်တော၊ သစ်ပင်များ တိုးပွားလာစေရန်အတွက် လက်ရှိ ရှိနေသောသဘာဝတောများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ကြရသကဲ့သို့ သစ်တောနယ်မြေအတွင်းရှိ တောနိမ့်၊ တောပျက်၊ တောပါးသောနေရာများတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို ဆောင်ရွက်ကြရသည်။ စီးပွားရေးစိုက်ခင်း၊ ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်း၊ တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်ရေးစိုက်ခင်း စသည့်စိုက်ခင်းအမျိုးမျိုးကို မိုးတွင်းကာလတွင် အချိန်ကိုက်ကြိုးပမ်းစိုက်ပျိုးကြရသည်။

သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်ပြုခြင်းဖြစ်ပြီး ဇရပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်နှင့် အခြား ထာဝရကုသိုလ်များကဲ့သို့ တူညီသောကုသိုလ်ကို ရရှိခံစားနိုင်ကာ အသက်ရှည်ကျန်းမာ ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်သည်။ သစ်တော၊ သစ်ပင်များသည် ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများစွာကို ပံ့ပိုးပေးလျက်ရှိသည်။ ထို့ပြင် သက်ရှိလောကတည်မြဲစေရန်၊ ရာသီဥတုမျှတရန်၊ ထာဝရကုသိုလ်ရယူရန် စသော အကျိုးကျေးဇူးများစွာကိုလည်း သစ်တော၊ သစ်ပင်များက ပံ့ပိုးပေးလျက်ရှိပေသည်။

အထူးသဖြင့် သဘာဝအန္တရာယ်ကျရောက်မှုအများဆုံးခံစားကြရသည့် ပင်လယ်ကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများတွင် လေပြင်းတိုက်ခတ်မှုများ၊ ဆားငန်ရေဝင်ရောက်မှုများ၊ ရေကြီးရေလျှံမှုများကို တားဆီးကာကွယ်နိုင်ရန်နှင့် လျော့ပါးသက်သာစေရန်အတွက် ဒီရေတောများစိုက်ပျိုးခြင်း၊ အမြဲစိမ်းအပင်များစိုက်ပျိုးခြင်း၊ ဒေသနှင့်ကိုက်ညီသော လေပြင်းမုန်တိုင်းဒဏ်ခံနိုင်သည့် ကြီးမြန်သစ်ပင်များစိုက်ပျိုးခြင်းတို့ဖြင့် သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်ရာတွင် ပတ်ဝန်းကျင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများထည့်သွင်းရန်နှင့် သစ်တောသယံဇာတများကို ထိန်းသိမ်းကာကွယ်ရန်လိုပေသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်စေရန်အတွက် သစ်တော၊ သစ်ပင်များ ထိန်းသိမ်းခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်းကို ပြည်သူတစ်ရပ်လုံးက တက်ကြွစွာဝိုင်းဝန်းပူးပေါင်းပါဝင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်တွင် ပဲတီစိမ်း အရောင်းအဝယ်ကောင်းမွန်လာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၃၀၀၀ ပေါက်ဈေးရှိနေ

**မန္တလေး ဇူလိုင် ၅**

မန္တလေးဈေးကွက်တွင် ပဲတီစိမ်း အရောင်းအဝယ်ကောင်းမွန်လာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၃၀၀၀ ပေါက်ဈေးရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲတီစိမ်းကို ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း၌ ဝယ်ယူမှုများပြားလာသောကြောင့် အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

“ပဲတီစိမ်းက မန္တလေးဈေးကွက်အတွင်းမှာတော့ အဝယ်လိုက်တဲ့ကုန်စည်ထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အခုတစ်လော ကြိုက်ရောင်း၊ ကြိုက်ဝယ်တွေ ပြန်ပြီးများလာတယ်။ အရောင်းအဝယ်တော်တော်လေး ပြန်ကောင်းလာတော့ မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းပြန်ရနေပါတယ်။ ပဲတီစိမ်းက ပြည်တွင်းဈေးကွက်ထဲမှာလဲ အခု အရောင်းအဝယ်ကောင်းနေတယ်။ နောက်ပိုင်း ပဲတီစိမ်း အရောင်းအဝယ် ဒီထက်ပိုပြီးကောင်းမွန်လာမဲ့ အနေအထားမှာရှိနေပြီး ဈေးတွေ ဒီထက်ပိုပြီးကောင်းနိုင်ပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း၌ ဇွန်လနောက်ဆုံးပတ်က ပဲတီစိမ်းဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၈၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ဇွန် ၄ ရက်တွင် ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၃၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

(၁၈၄)

# အမရပူရမြို့နယ် လက်ပံပင်ဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်းသို့ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၁၀ သိန်း မျိုးစိုက်ထည့်



**မန္တလေး ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီးအတွင်း ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေရန်အတွက် ငါးလုပ်ငန်းစခန်းသုံးခုက အမရပူရမြို့နယ် လက်ပံပင်ဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်းသို့ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၁၀ သိန်းကို ယနေ့နံနက်ပိုင်းက မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သရက်ကုန်း ငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းကို သရက်ကုန်း ငါးလုပ်ငန်းစခန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်း၊ ရေနံ့သာငါးလုပ်ငန်းစခန်းတို့ပူးပေါင်းပြီး နှစ်လက်မအရွယ် ငါးသားပေါက် ကောင်ရေ ၁၀ သိန်းကို အမရပူရမြို့နယ် လက်ပံပင်ဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်းသို့ ရွှေဝါငါးကြင်းငါးသားပေါက်ကောင်ရေ သုံးသိန်းနှင့် ငါးခုံးမ ငါးသားပေါက်ကောင်ရေ ခုနစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၀ သိန်း စိုက်ထည့်ပေးခဲ့ကြောင်း၊ ထိုသို့ စိုက်ထည့်နိုင်ခြင်းကြောင့် ငါးသယံဇာတများ ထိန်းသိမ်းနိုင်စေပြီး ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေမည်ဖြစ်ကြောင်း ဦးထွန်းနောင်ဝင်းက ပြောပြသည်။

“ဧရာဝတီမြစ်ထဲကို ငါးမျိုးတွေ စိုက်ထည့်ပေးတာကြောင့် ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှာပါ။ ငါးသယံဇာတ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေမှာပါ။ ငါးမျိုးကောင်းမျိုးသန့်တွေ ရေရှည်တည်တံ့ ပြန့်ပွားစေဖို့နဲ့ ငါးရိက္ခာ ရေရှည်စားသုံးနိုင်စေဖို့ ရည်ရွယ်ပြီးတော့ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်တွေအတွင်းကို ငါးလုပ်ငန်းဦးစီးဌာနကနေ ငါးသားပေါက်တွေကို နှစ်စဉ် ငါးမျိုးစိုက်ထည့်ပေးနေပါတယ်” ဟု သရက်ကုန်း ငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းစခန်း သုံးခုက ဧရာဝတီမြစ်အတွင်းသို့ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၁၀ သိန်းကို စိုက်ထည့်ပေးခဲ့ကြောင်း၊ ထိုသို့ စိုက်ထည့်ပေးရာတွင် သရက်ကုန်း ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက် သုံးသိန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက် လေးသိန်း၊ ရေနံ့သာငါးလုပ်ငန်းစခန်းမှ ငါးသားပေါက် သုံးသိန်းကို ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း၊ ငါးမျိုးစိုက်ထည့်ရာတွင် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ မန္တလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းစခန်းတာဝန်ခံများနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၁၈၅)

# တောင်သမန်တံတားနှင့်အင်းသို့ ပြည်တွင်း၊ ပြည်ပခရီးသွား လာရောက်လည်ပတ်မှု များပြားလာ

**မန္တလေး ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်တံတားနှင့်အင်းသို့ ပြည်တွင်း၊ ပြည်ပခရီးသွားလာရောက်လည်ပတ်မှု ဇူလိုင်လ ပထမပတ်မှစ၍ များပြားလာကြောင်း အဆိုပါတံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် တောင်သမန်တံတားမှာ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့်နေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့်အင်းသို့ ယခုလက်ရှိ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။

“အခုတောင်သမန်တံတားနဲ့ အင်းကို ပြည်တွင်းခရီးသွားတွေအပြင် ပြည်ပခရီးသွားတွေပါ လာရောက်လည်ပတ်မှုက တော်တော်လေးများလာတယ်။ အခုတစ်လော တောင်သမန်တံတားနဲ့အင်းအတွင်းကနေ နေဝင်ဆည်းဆာအလှကို လာရောက်ကြည့်ရှုရင်း အနားယူအပန်းဖြေတဲ့ခရီးသွားတွေ များလာပါတယ်”ဟု ဦးစိုးဝင်းကပြောပြသည်။

အဆိုပါ တောင်သမန်တံတားနှင့် အင်းသို့ ဇွန်လနောက်ဆုံးပတ်က ပြည်တွင်း၊ ပြည်ပခရီးသွား တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်သာရှိခဲ့သော်လည်း ဇူလိုင်လ ပထမပတ်စ၍ တောင်သမန်တံတားနှင့် အင်းသို့ တစ်ရက်လျှင် ခရီးသွား ဦးရေ ၆၀၀ ကျော်ထိ လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

တောင်သမန်အင်းအတွင်း၌ ပြည်တွင်း၊ ပြည်ပခရီးသွားများ အင်းအတွင်းနေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် ကြည့်ရှုနိုင်ရန် ငှက်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း ဦးစိုးဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လှိုင်ကော်မြို့နယ် ရေနီကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**လှိုင်ကော် ဇူလိုင် ၅**

ကယားပြည်နယ် လှိုင်ကော်ခရိုင် လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် မထောခူကျေးရွာအုပ်စု ရေနီကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်ကော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်၊ တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ရေနီကန်ကျေးရွာ၌ လမ်းအရှည်နှစ်မိုင်လေး ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် မြေသား တစ်ပေ ချင်းမြေကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့်ဂုင်းလမ်းပေါ်၌ အရှည် ငါးပေ၊ အကျယ်ပေ ၂၀၊ အမြင့် ငါးပေရှိ ကုန်ထုတ်တံတားနှစ်စင်းနှင့် အရှည် ခြောက်ပေ၊ အကျယ်ပေ ၂၀၊ အမြင့် ငါးပေရှိ ကုန်ထုတ်တံတားခြောက်စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်က တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ရေနီကန်ကျေးရွာ၌ အဆိုပါ ကုန်ထုတ်လမ်းနှင့် တံတားများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၂၁ ဒသမ ၂၆၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကောင်းစုလျှန်ကုမ္ပဏီက ယခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၂၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ရေနီကန်ကျေးရွာရှိ အိမ်ခြေ ၂၄၃ အိမ်၏ လယ်ယာမြေ ၂၀၅ ဧကမှထွက်ရှိသည့် လယ်ယာထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း လှိုင်ကော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်က ပြောပြ၍ သိရသည်။

**မောင်ခိုင်**

# ကျောက်ဖြူမြို့နယ် ကုန်ဘောင်ခေတ်မီစံပြကျေးရွာ၌ လျှပ်စစ်သွယ်တန်းနည်းသင်တန်းဆင်းပွဲ ကျင်းပ

**ကျောက်ဖြူ ဇူလိုင် ၅**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်သွယ်တန်းနည်း သင်တန်းဆင်းပွဲကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက ကုန်ဘောင်ခေတ်မီစံပြကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ကျောက်ဖြူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးသန့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို ကျောက်ဖြူမြို့နယ် ကလန့်တဲကျေးရွာအုပ်စု၊ ဇင်ချောင်းကျေးရွာအုပ်စု၊ တဘက်ကျေးရွာအုပ်စုတို့မှ သင်တန်းသားစုစုပေါင်းဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြဆရာက လျှပ်စစ်သွယ်တန်းနည်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို ဇွန် ၁၃ ရက်မှ ဇူလိုင် ၄ ရက်ထိ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**သုတ**

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၃၀၀၃ ဧက စိုက်ပျိုးသွားမည်



ယခင်နှစ်က စားဖိုဆောင်သီးနှံစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၃၀၀၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ထံမှ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၃၀၀၃ ဧကကို ဇူလိုင်လ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံများ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့က ဒေသခံတောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံ ၃၀၀၃ ဧက စိုက်ပျိုးသွားမှာဖြစ်တယ်။ စိုက်ပျိုးမဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းတွေထိ ကွင်းဆင်းသွားရောက်ပြီး တောင်သူတွေနဲ့တွေ့ဆုံ အသိပညာပေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တောင်သူတွေက အခုနှစ် မိုးသီးနှံကို ဂေါ်ဖီနဲ့ ဆလတ်ရွက်ကို အများဆုံးစိုက်ထားဖို့ရှိပါတယ်။ တောင်သူတွေအနေနဲ့ စိုက်ပျိုးတဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ မျိုးစေ့တွေအသုံးပြုတာ မှန်ကန်စေဖို့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

အဆိုပါ စားဖိုဆောင်သီးနှံ ၃၀၀၃ ဧကတွင် ငရုတ်၊ မုန်ညင်း၊ ချဉ်ပေါင်၊ ဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ ခရမ်း၊ သခွား၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ရွှေကျင်မြို့နယ်၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ရွှေကျင် ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် လက်ပံတန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဈေးဦးစွာ ရွှေကျင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ချိုဇင်သိန်းက စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ပြောကြားသည်။

ထို့နောက် ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ချိုဇင်သိန်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

လက်ပံတန်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေ၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# တောင်တွင်းကြီးမြို့နယ် ကြီးအောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေး

**တောင်တွင်းကြီး ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကြီးအောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ကြီးအောင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၃၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြီးအောင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၃၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နှံ့ယဉ်**



# လူးတားကဗျာသမိုင်း(၅)

ဖိုလ်ရှိတ်(ရတနာပူရ)

**တွင်းသင်းတိုက်ဝန် ဦးထွန်းညို**

တွင်းသင်းတိုက်ဝန်ဦးထွန်းညိုသည် ကုန်းဘောင်ခေတ်လယ်ကာလ တစ်နည်း အမရပူရခေတ်တွင် အလွန်ထင်ရှားသော စာဆိုတော်ကြီးဖြစ်သည်။ ဘိုးတော်ဗဒုံမင်းက စေခိုင်းခဲ့သဖြင့် မဟာရာဇဝင်သစ်ကို ရေးသားခဲ့ရသော ပညာရှိကြီးဖြစ်သည်။ တော်တည့်မှန်ကန်သည်။ စကားအပိုပြောသည်မရှိပေ။ စကားအလွန်နည်းသည်။ ပြောစရာရှိလျှင်လည်း မည်သူ့မျက်နှာကိုမျှ မထောက်ပေ။ ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသားပြောသည်။ သူတစ်ပါးဒုက္ခရောက်မည်ကို အလွန်စိုးရိမ်သူတစ်ဦးဖြစ်ပြီး သူတစ်ပါးကြီးပွားတိုးတက်မည်ကို အလွန်လိုလားသောစိတ်ရှိသူဖြစ်သည်။ ဦးထွန်းညို၏အကြောင်းကို စာတစ်စောင်ပေတစ်ဖွဲ့ပြုစုထားပြီးဖြစ်သဖြင့် ဤနေရာ၌ အကျယ်ချဲ့ရန်မလိုတော့ချေ။ ထို့ကြောင့် ကျွန်တော်ရှာဖွေစုဆောင်းထားသည့် “ပျို့ကဗျာလင်္ကာစပ်ဆိုသူတို့အကြောင်း”ပေမူမှ ဦးထွန်းညိုအကြောင်းကိုသာ ထုတ်နုတ်ပြပါမည်။

“ဟံသာဝတီရောက်မင်းလက်ထက်။ ရဟန်းမည်ရှင်လင်္ကာသာရ။ ကျောင်းနေက လူထွက်၍ ဗဒုံမင်းဘိုးတော်ဘုရားဆရာအဖြစ် ထမ်းသည်။ ဆရာကြီးဦးထွန်းညိုတွင်သည်။ ပျို့ရွှယ်စဉ် မြော်မြို့တွင် ကဗျာလင်္ကာနှင့် ဓမ္မသတ်လင်္ကာ၊ ငရဲမင်းပျို့၊ မုဒုလက္ခဏာပျို့၊ မဟော်ကျေးသားခန်း၊ ဥမင်ခန်း၊ ဇယဒိသပျို့၊ ဝိဓူရပျို့၊ ဝေဿန္တရာပျို့၊ နော်ဆုံးဇနက္ကပျို့၊ အောင်ပင်လယ်ကန်ဘွဲ့၊ ရေသဘင်လူးတား၊ ဆင်တော်မော်ကွန်း၊ ထားစကြာဘွဲ့၊ အမရပူရဘွဲ့မော်ကွန်း၊ မင်းကွန်းဘွဲ့မော်ကွန်း၊ ဘုန်းတော်ဘွဲ့ရတုမှစ၍ စာအများရေးသည်။ ဘိုးတော်ဘုရား အထွဋ်အမြတ်ရောက်လျှင် အလျင် မဟာသဉ်ယာဘွဲ့နှင့် ကျိုဝန်ခန့်သည်။ နောက် မဟာစည်သူဘွဲ့နှင့် တွင်းသင်းတိုက်ဝန်ခန့်သည်။ ယင်းတွင်မှ တွင်းသင်းမင်းကြီးတွင်သည်။ နောက် ပုခန်းမင်းကြီးမရှိလျှင် ပုခန်းမင်းကြီး ၃ ဆက် အိမ်ရှေ့တူရှုတွင်နေရာ၊ ပတ္တမြား ၃ ရစ်စီ၊ တောင်ဝှေးများကိုရသည်။ နောက် မင်းကွန်းတွင်လွန်၍ ထီးဖြူသံလျင်းနှင့် သင်္ဂြိုဟ်သည်။ ဇာတိမောင်းထောင်ရွာနေ မောင်ညြ အမိ၏ မောင်ရင်းဖြစ်၍ မောင်ညြဦးရီးပင်တည်း”

ဦးထွန်းညို၏ မွေးဖွားနှစ်မှာ မဟာဇနကပျို့နိဂုံးအရ ၁၀၈၈ ခုနှစ်ဖွားဖြစ်သည်။ ဦးထွန်းညို၏ မိဘအမည်ကို မသိရပေ။ တွင်းသင်းမင်းကြီးကွယ်လွန်သောနှစ်ကိုလည်း တိတိကျကျမသိရပေ။ မင်းကွန်းတွင် အနိစ္စရောက်သည်ဟူ၍သာ သာမန်အားဖြင့် သိရသည်။ ဗိုလ်မှူးဘသောင်းက ၁၁၆၈ ခုနှစ်တွင် ကွယ်လွန်သည်ဟု ခန့်မှန်းထားသည်။ တွင်းသင်းမင်းကြီးကွယ်လွန်သောနေရာကို မင်းကွန်းဟု ပေမူ၊ ရှေးစာမူများတွင် ဖော်ပြကြသည်။ ခေတ်သုတေသီတို့ပြုစုသည့် စာဆိုတော်များအတ္ထုပ္ပတ္တိတွင်လည်း မင်းကွန်းတွင် အနိစ္စရောက်သည်ဟူ၍သာ တညီတညွတ်တည်း ဆိုကြသည်။ သို့သော် ဗိုလ်မှူးဘသောင်းရေးသားသော စာဆိုတော်များအတ္ထုပ္ပတ္တိကျမ်းကို တည်းဖြတ်သူဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က “ဤတွင် တွင်းသင်းမင်းကြီး၏တပည့်ရင်းဖြစ်သော ဒုတိယနဝဒေးကြီးရေး ကုသျှံဂူမော်ကွန်းပေမူတစ်ဆူ၏ နောက်ပိုင်းတွင် ဒုတိယနဝဒေးကြီး၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို ဖော်ပြထားရာ၌ “တွင်းသင်းမင်းကြီးနည်း အနောက်ပြင်စျေးချိုအရပ် လုပ်တိုင်းတွင် သင်္ဂြိုဟ်ရသည်”ဆိုသောကြောင့် မင်းကွန်းဘက်တွင် အနိစ္စရောက်ငြားသော်လည်း ရွှေမြို့တော်သို့ ယူဆောင်လာကာ အနောက်ပြင် စျေးချိုအရပ် လုပ်တိုင်း၌ သင်္ဂြိုဟ်ခြင်းပေလောဟု စောကြောဆင်ခြင်ဖွယ်ဖြစ်ပါသည်”ဟု မှတ်ချက်ရေးထားသည်။ အမှန်က ထိုပေမူပါအမှတ်အသားသည် တွင်းသင်းမင်းကြီးကို အမရပူရမြို့ အနောက်ပြင်စျေးချိုအရပ် လုပ်တိုင်း၌ သင်္ဂြိုဟ်ခြင်းဖြစ်သည်ဟု ဖော်ပြထားခြင်းမဟုတ်ပါ။ တွင်းသင်းမင်းကြီးအား သင်္ဂြိုဟ်သည့်အဆောင်အယောင်အတိုင်း ဝက်မစွတ်နဝဒေးအား စျေးချိုအရပ် လုပ်တိုင်း၌ သင်္ဂြိုဟ်ခြင်းဖြစ်သည်ဟု ဖော်ပြလိုခြင်းဖြစ်သည်။ တွင်းသင်းမင်းကြီးကို မင်းကွန်းဘက်တွင်သာ သင်္ဂြိုဟ်ခဲ့ခြင်းဖြစ်သည်။

**နန္ဒမိတ်**

နန္ဒမိတ်ဆို ဓားရေး ၃၇ ချင်းလူးတားဟူ၍ တွေ့ရသော်လည်း နန္ဒမိတ်မှာ မည်သူမည်ဝါဖြစ်မည်ကို သေသေချာချာမသိရသေးပါ။ ရှေးစာဆိုတော်များတွင် ရွှေတောင်နန္ဒမိတ်၊ နေမျိုးနန္ဒမိတ်အမည်ရှိသော စာဆိုတော်များရှိသည်။ ယခု ဓားရေး ၃၇ ချင်းကိုဖွဲ့ဆိုသောနန္ဒမိတ်မှာ ထိုနှစ်ဦးနှင့် ဆိုင်၊ မဆိုင်ကို အတပ်မပြောနိုင်သေးပါ။ ဓားရေး ၃၇ ချင်းကို ရေးဖွဲ့သော နန္ဒမိတ်အကြောင်းကို လေ့လာရဦးမည်ဖြစ်သည်။

❖ ဝက်မစွတ်နဝဒေးအကြောင်းကို ဆရာတော် ရွှေကိုင်းသားက “ဆားတောင်မှဆားတပွင့် သို့မဟုတ် ဝက်မစွတ်မြို့စားဒုတိယနဝဒေး” ဟူသောအမည်ဖြင့် စာတစ်အုပ်ရေးသားပြုစုပြီးဖြစ်သည်။ ထို့ကြောင့် ဤ၌ ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်းကကောက်နုတ်၍သာဖော်ပြခဲ့သည်။ ဝက်မစွတ်နဝဒေးသည် ၁၂၀၂ ခုနှစ် ပြာသိုလဆန်း ၂ ရက်နေ့ အသက် ၈၅ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။ ဝက်မစွတ်နဝဒေးသည် ဓားရေး ၃၇ ချင်း လူးတားပိုဒ်ရေ ၄၀ နှင့် တောင်တွင်းကြီးရာဇဝံသလူးတားပိုဒ်ရေ ၃၄ ပိုဒ်တို့ကို ရေးသားခဲ့သည်။ ❖

**မြဝတီမင်းကြီးဦးစ**

မြဝတီမင်းကြီးဦးစသည် မြန်မာ့သမိုင်းတွင် အလွန်ထင်ရှားသော စာဆိုကြီးတစ်ဦးဖြစ်သည်။ ဂီတသီချင်းများစွာကို ရေးသားခဲ့သောကြောင့် နှောင်းလူတို့က ဂီတ၏ဖခင်ကြီးအဖြစ် တင်စားခေါ်ဝေါ်ကြသည်။ မြဝတီမင်းကြီးဦးစရေးဖွဲ့ခဲ့သောသီချင်းများသည် ပေတစ်စောင်တစ်ဖွဲ့ရှိအောင်ပင် များပြားသည်။ ပေအင်္ဂါ ၁၅ အင်္ဂါခန့်ပင်ရှိအောင် ရေးသားခဲ့သည်။

ဦးစသည် စစ်ကိုင်းမြို့နောက် မိချောင်းတက်ချောင်းရွာ ဇာတိဖြစ်သည်။ ၁၁၂၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် အင်္ဂါနေ့တွင် ဖွားမြင်ခဲ့သည်။ အဖမှာ အလုံမြို့မြောက်ဘက် မောက်တက်ရွာနေ နောက်တော်ပါ မြင်းစီးကြီး၏သား ဦးပေါက်ကြီးဖြစ်ပြီး အမိမှာ သာလွန်မင်းလက်ထက် ဗညားကျန်တောအမတ်ကြီး၏ မြေး မိငြိမ်းသာဖြစ်သည်။ ဦးစသည် ဘိုးတော်ဗဒုံမင်းလက်ထက်မှစ၍ မင်းတုန်းမင်းလက်ထက်ထိ သိမီအမှုထမ်းခဲ့သူဖြစ်သည်။ မင်းတုန်းမင်းတရားကြီး ရတနာသိင်္ခမြို့တွင်စံတော်မူစဉ် ရွှေနန်းတော်ရှေ့ သူဇာတံခါးလမ်းတန်းအိမ်တွင် သက္ကရာဇ် ၁၂၁၅ ခု၊ ဝါခေါင်လဆန်း ၁ ရက်နေ့ နံနက် ၇ ချက်တီးအချိန်၊ ကြာသပတေးနေ့တွင် ကွယ်လွန်ခဲ့သည်။ မြဝတီမင်းကြီး ဦးစရေးဖွဲ့ခဲ့သော အီနောင်နန်းတွင်းဇာတ်တော်ကြီးတွင် လူးတားများထည့်သွင်းဖွဲ့ဆိုထားသည်ကို တွေ့နိုင်သည်။

**ဝက်မစွတ်နဝဒေး**

ဝက်မစွတ်နဝဒေးသည် မြန်မာစာပေလောကတွင် မော်ကွန်းများစွာကိုရေးဖွဲ့ခဲ့သောကြောင့် မော်ကွန်းနဝဒေးဟု ထင်ရှားကျော်ကြားသော စာဆိုတော်ကြီးဖြစ်သည်။ ဝက်မစွတ်နဝဒေးအကြောင်းကို ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်း၌ “နဝဒေးအကြောင်းအရာကား စစ်ကိုင်းမြို့နယ် ဆားတောင် ၅ ရွာအဝင် သူကြီးရိုး။ ငယ်မည်မောင်နု။ သက္ကရာဇ် ၁၁၁၈ ခုနှစ်ဖွား၊ ဘွဲ့မှာ သူကြီးဘွဲ့။ ဘိုးတော်ဘုရားလက်ထက် မိတ္ထီလာကန်တော်ဘွဲ့မော်ကွန်း “ရှုလော့စဉ်စီ”ချီ စာ ၁၁ခန့် (၁ အင်္ဂါ)ကို မိတ္ထီလာကန်တော်သို့ထွက်တော်မူရာ ၅၇ ခုနှစ်(၁၁၅၇)ရေး၍ဆက်သည်တွင် အချီးအမွမ်းတော်ကို ခံရသည်။ နောက် ၆၀ ပြည့်နှစ်(၁၁၆၀) ပုခန်းမင်းနှင့် ရွှေကူမင်းသမီးတို့ လက်ထပ်ရတု“တက်ဖြိုးလျှံဝေ”ချီ ပိုဒ်စုံကို ဆက်သည်။ ၎င်းနောက် မင်္ဂလာရတုမော်ကွန်းကဗျာများရေးသည်နှင့် ရေကြည်ပြန်တွင် နဝဒေးဘွဲ့ကို ခံသည်။

သားတော်မြေးတော်လက်ထပ်ရတု၊ မင်းကွန်းနန်းတော်ဘွဲ့ရတု၊ အိမ်တော်သိမ်းရတုများကိုရေးသည်တွင် အလျင်သံတော်ဆင့်ခန့်သည်နှင့် မင်းကွန်းတွင် တွင်းသင်းမင်းကြီးမရှိသည့်နောက် တွင်းသင်းတိုက်ဝန်၊ ဝက်မစွတ်မြို့စားတော်နေရာ၊ မဟာသဉ်ယာစည်သူ၊ မဟာသီရိစည်သူဘွဲ့ကိုခံ၍ ဝိလာသိနီမော်ကွန်း၊ တာဝရီမော်ကွန်း၊ ကုသျှံဂူမော်ကွန်း၊ အာသံနိုင်မော်ကွန်း၊ ရခိုင်နိုင်မော်ကွန်း၊ စန္ဒာမုနိမော်ကွန်း၊ မင်းကွန်းနန်းတော်တည်မော်ကွန်း၊ ကြက်ထောင့်ဘွဲ့ရတု၊ သာမုဒြိကလက္ခဏာကျမ်းမော်ကွန်း၊ တရုပ်သံရောက်မော်ကွန်း၊ လောကဝိဒူပျို့၊ ဆက်ရတုအများရေးသည်။ အမရပူရဒုတိယနန်းတည်မင်းတရားလက်ထက် “တက်ထွန်းဖြိုးကြွယ်”ချီမင်္ဂလာရတုကိုဆက်သည်တွင် ရွာဝေးရွာကိုသနားတော်မြတ်ခံရသည်။ ရဲတင်းဘွဲ့မော်ကွန်းကိုလည်းရေးသားသည်”ဟူ၍ မှတ်တမ်းတင်ထားသည်။

ဝက်မစွတ်နဝဒေးအကြောင်းကို ဆရာတော် ရွှေကိုင်းသားက “ဆားတောင်မှ ဆားတပွင့် သို့မဟုတ် ဝက်မစွတ်မြို့စားဒုတိယနဝဒေး”ဟူသောအမည်ဖြင့် စာတစ်အုပ်ရေးသားပြုစုပြီးဖြစ်သည်။ ထို့ကြောင့် ဤ၌ ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်းက ကောက်နုတ်၍သာ ဖော်ပြခဲ့သည်။ ဝက်မစွတ်နဝဒေးသည် ၁၂၀၂ ခုနှစ် ပြာသိုလဆန်း ၂ ရက်နေ့ အသက် ၈၅ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။ ဝက်မစွတ်နဝဒေးသည် ဓားရေး ၃၇ ချင်းလူးတားပိုဒ်ရေ ၄၀ နှင့် တောင်တွင်းကြီးရာဇဝံသ လူးတားပိုဒ်ရေ ၃၄ ပိုဒ်တို့ကို ရေးသားခဲ့သည်။ ဓားရေး ၃၇ ချင်း လူးတားသည် အမရပူရမြို့တည် ဘိုးတော်ဗဒုံမင်းတရားကြီးအား ဆက်သခဲ့သောရတုဖြစ်သည်။ တောင်တွင်းကြီးရာဇဝံသလူးတားမှာ ဘကြီးတော်စစ်ကိုင်းမင်း၏ညီမတော် တောင်တွင်းကြီးမြို့စားမင်းသမီး သီရိအတုလမဟာစန္ဒာဒေဝီမင်းသမီးက တောင်းပန်၍ ရေးသားရသောလူးတားဖြစ်သည်။ ဓားရေး ၃၇ ချင်းလူးတားမှာ စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးရေးသားပြုစုသော ဝက်မစွတ်မြို့စားမင်း၏ အတ္ထုပ္ပတ္တိနှင့် စာပေလက်ရာများစာအုပ်တွင် အစအဆုံးဖော်ပြပါရှိပြီးဖြစ်သည်။ တောင်တွင်းကြီးရာဇဝံသလူးတားမှာ တိမ်မြုပ်နေဆဲဖြစ်သည်။

**ဦးမင်း**

ဦးမင်းက လေးချိုးများကိုသာ ရေးဖွဲ့ခဲ့သည့်စာဆိုတစ်ဦးအဖြစ်သာ အသိများသည်။ မြန်မာစာပေလောကတွင် ဖိုးသူတော်ဦးမင်း၊ လူဦးမင်းဟူ၍ ဦးမင်းနှစ်ဦးရှိကြောင်း ယခင်က ရေးသားဖော်ပြခဲ့ကြသည်။ နောက်တွေ့သုတေသနအထောက်အထားများအရ ထိုဦးမင်းနှစ်ဦးအပြင် နောက်ထပ် လူဦးမင်းတစ်ဦးလည်းရှိသေးကြောင်း သိလာရသည်။ စုစုပေါင်း ဦးမင်းသုံးဦးဖြစ်သည်။

လူဦးမင်းနှစ်ဦးတွင် ပထမဦးမင်းမှာ မင်းထင်သက်ရှည်ဘွဲ့ခံဦးမင်းဖြစ်သည်။ ၁၁၃၆ ခုနှစ်တွင်မွေးဖွားပြီး ၁၂၀၉ ခုနှစ်တွင် ကွယ်လွန်သည်။

ဒုတိယဦးမင်းမှာ ၁၁၆၂ ခုနှစ်တွင် မွေးဖွားပြီး ၁၂၃၃ ခုနှစ်တွင် ကွယ်လွန်သည်။ ငယ်မည်မှာ မောင်စံရွှင်ဖြစ်သည်။ ပထမဦးမင်းသည် ဒုတိယဦးမင်းထက် အသက် ၂၆ နှစ်ကြီးသည်။ ပထမဦးမင်းသည် မင်းထင်သက်ရှည်ဘွဲ့တစ်ခုတည်းသာရရှိခဲ့သည်ကို တွေ့ရပြီး ဒုတိယဦးမင်းသည် နေမျိုးသီရိကျော်ထင်၊ နေမျိုးသဉ်ယာ၊ စိန္တကျော်ထင်ဘွဲ့ကိုရရှိခဲ့ပြီး ကွမ်းဘိုးထိန်းရာထူးကိုလည်း ရရှိခဲ့သူဖြစ်သည်။

လူဦးမင်းနှစ်ဦးရှိကြောင်း ကွဲပြားစွာသိလာရဖို့ဖြစ်သောကြောင့် ဦးမင်းဆိုဟု ဖော်ပြထားသော လေးချိုးများတွင် ဦးမင်း နှစ်ဦးရေးခဲ့သည်များ ရောထွေးနေနိုင်သည်။ ကျွန်တော်ရရှိထားသော “ဆူဆူရောင်လျှံချီ” လူးတားမှာလည်း ထိုဦးမင်းနှစ်ဦးတွင် မင်းထင်သက်ရှည်ဘွဲ့ခံ ဦးမင်းရေးသလော၊ စိန္တကျော်ထင်ဘွဲ့ခံဦးမင်းရေးသလော ကွဲကွဲပြားပြားမသိရပါ။ ပေမူတွင် မောင်မင်းဆိုလူးတားဟူ၍သာပါရှိသည်။ ကျွန်တော့်အယူအဆမှာ “မောင်မင်း”ဟူသည် မင်းထင်သက်ရှည်ဦးမင်းကိုသာ ဆိုခြင်းဖြစ်မည်ထင်သည်။ အဘယ်ကြောင့်ဆိုသော် မင်းတုန်းမင်းလက်ထက်ရေးသားပြုစုခဲ့သည့် ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်းတွင် မောင်မင်းအကြောင်းကိုသာ မှတ်တမ်းတင်ထားသောကြောင့်ဖြစ်သည်။ ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်းတွင် တွေ့ရသော မောင်မင်းအမည်နှင့် ကျွန်တော်ရှာဖွေတွေ့ရှိထားသောပေမူတွင်သုံးနှုန်းထားသော မောင်မင်းမှာထပ်တူဖြစ်သည်။ ထို့ကြောင့် မင်းထင်သက်ရှည်မောင်မင်းအကြောင်းသာ ဤနေရာ၌ ရေးသားဖော်ပြပါမည်။

ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်း၌ မင်းထင်သက်ရှည်ဦးမင်းအကြောင်းကို “စာဆိုမောင်မင်းအကြောင်းအရာကား ရွှေတောင်မြို့စီရင်စု နမရန်ရွာ၊ ၁၁၃၆ ခုဖွား၊ စနေသား။ ၎င်းရွာတွင် ရှင်သာမဏေပြု၍ တေးကဗျာဝါသနာထုံရင်းရှိသည်နှင့် လေ့လာရေးသားသည်။ လူထွက်သည့်ကာလ ရွှေဖဝါးတော်အောက်ရောက်လျှင် အမရပူရမြို့တည်နန်းတည်ဘုရား ဘေးတော်ဘုရားလက်ထက် သားတော်ပုသိမ်မင်းမှာ စာဆိုအရာနှင့် ထမ်းရွက်သည်။

၁၁၇၅ ခု အသက် ၃၉ တွင် ပုသိမ်မြို့ ဟိုင်းကြီးကျွန်းဆားခွန်ကို စားရသည်။ နောက်ဘကြီးတော်ဘုရားလက်ထက်တော်စာဆိုအရာ၊ အိမ်၊ ဆုတော်လာဘ်တော်သနားတော်မူ၍ စာဆိုမောင်တလုပ်၊ မောင်ဘိ၊ မောင်ဘုန်းတို့နှင့်အတူ လေးချိုး၊ ရာသီဘွဲ့၊ မယ်ဖွဲ့၊ မောင်ဖွဲ့များကို လစဉ်ရေးသားဆက်ရသည်။ ခမည်းတော်ဘုရားလက်ထက် စစ်ကိုင်းမြို့ “စံနန်းတော်တွင်”ချီဘုန်းတော်ဘွဲ့ကို ဆက်သည်တွင် ငွေတော် ၃ နှင့် လျော်တော် ၁ သနားတော်မူသည်။ နောက် အမရပူရမြို့ ရွှေနန်းတော်ကြီးမသိမ်းမီ အဂ္ဂိရတ်အကြောင်းအရာ “ဘက်မနူးသာဘု”ချီ ဘုန်းတော်ဘွဲ့ဆက်သသည်တွင် မင်းထင်သက်ရှည်ဘွဲ့နှင့် ရွှေနန်းရိုး လမိုင်းလယ်တော် ပယ် ၅၀။ ထွက်သင့်စပါးတော် ၁၀၀၀း(တင်း ၁၀၀၀)ကို သနားတော်မြတ်ခံရသည်။

နောက် ဇောင်းကလောကသိုလ်တော်ဘုရား ရေစက်သွန်းချတော်မူသည့်နောက် ဥက္ကလာပမြို့သို့ ရွှေစက်ဖြန့်ချီတော်မူရာ “ဘုန်းမကိုဋ်တွင်မှ”ချီဘုန်းတော်ဘွဲ့ကို ဆက်သွင်းလျှင် လျော်လောင်း ၁ နှင့် ငွေတော် ၃ သနားတော်မူသည်။ “ဝင်တော်မူသည်တွင်လည်း”ချီ ဘုန်းဘွဲ့ကိုဆက်သရာ သာယာဝတီမြို့တွင် ငွေတော် ၃ သနားတော်မူသည်။ နောက် ဒေးဝန်းစံနန်းတော်ရေသဘင်ပွဲတော်မှာ လှေဖွဲ့၊ ဘုန်းတော်ဖွဲ့ဆက်ရာ ငွေတော် ၃ သနားတော်မြတ်ခံရသည်။ ဒေးဝန်းစံနန်းတော်က အမရပူရမြို့သို့ဝင်တော်မူ၍ သားတော် ပုဂံမင်းလက်ထက် ၁၂၀၉ ခုနှစ် သေလွန်သည်”

ကျွန်တော်သည်လူးတားကဗျာသမိုင်းကိုရတနာပုံ သတင်းစာတွင် ရေးသားလာရာ ယခုဆောင်းပါးသည် နိဂုံးချုပ်ဆောင်းပါးပင်ဖြစ်သည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## အချစ်တွေ့စစ်တမ်း

- ကိုယ်ကျိုးချည်းသာ ငဲ့ကြည့်ကာဖြင့်
  မာနလူလူ တံခွန်ထူသည့်
  သူ၏စစ်တမ်း တွက်ရှုရင်း။

- အများအကျိုး
  မျှော်ကိုးဦးရွက် ထည့်မတွက်ဘဲ
  ပျက်ကွက်ခြင်းသာ များပြားလာသည့်
  တာဝန်ပိလေး သူ့အရေးတွက်
  တွေးမိသောခါ သူ့သိက္ခာလျှင်
  လိပ်ပြာသန့်မှ သန့်လေစ
  သူ့တွက်ကိုယ်စား ရှက်မိရ။

- ကာလလွင့်ပြောင်း ရှယ်လွန်ညောင်းခဲ့
  မပြောင်းမလဲ အတ္တစွဲနှင့်
  နစ်မြဲကျွံမိ ကိုယ်ကျိုးကြည့်ကာ
  ပြည့်ဝဂုဏ်ဒြပ် ပိုင်ဆိုင်အပ်လည်း
  ရပ်တည်သင့်ရာ ကြုံသောခါတိုင်း
  သူ့မှာဖယ်ကြဉ် ကျောခိုင်းမြဲ
  အလိုက်မသိ ရှိနေဆဲ။

- သည်သို့ဆိုလျှင်
  သူ့ကိုတွက်ရှု အကြောင်းပြု၍
  လူ့ဘောင်ဖြတ်သန်း ငါ့စစ်တမ်းလည်း
  လှမ်းခဲ့ကျန်ရစ် လည်ပြန်လှစ်ရင်း
  ဆန်းစစ်မှုဒဏ် ဝေဖန်ခံဖို့
  ပြန်လှန်နှိုးယှဉ် လေဦးမှ။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

# ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိ ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၇ ဒသမ ၃၆ ဘီလီယံထိ ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် ဇူလိုင် ၅**

ယခုဘဏ္ဍာနှစ် ဧပြီလမှဇွန်လထိ ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုဆောင်ရွက်ရာတွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၆ ဘီလီယံထိရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်မင်းသိုက်က ပြောပြ၍ သိရသည်။

ထိုသို့ ကုန်သွယ်မှုဆောင်ရွက်ရာတွင် ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်ထိ ဆောင်ရွက်ခဲ့သည့် ပြည်ပကုန်သွယ်မှုပမာဏမှာ ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၉ ဘီလီယံနှင့် သွင်းကုန်ရငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၇ ဘီလီယံ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၆ ဘီလီယံဖြစ်ကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ်ရဲ့ သုံးလတာကာလအတွင်း ပြည်ပနိုင်ငံတွေနဲ့ ကုန်သွယ်မှု ဆောင်ရွက်ရာမှာ စုစုပေါင်းကုန်သွယ်မှုပမာဏအနေနဲ့ အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၆ ဘီလီယံဖြစ်ပါတယ်။ ကုန်သွယ်မှုဆောင်ရွက်ရာမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုကနေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၆ ဘီလီယံနဲ့ အများဆုံးကုန်သွယ်မှုပြုလုပ်ထားပါတယ်။ စက်မှုကုန်ချောတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေ အများဆုံးရရှိထားတာဖြစ်ပါတယ်။ ဒုတိယအများဆုံးကတော့ လယ်ယာထွက်ကုန်တင်ပို့တာကနေဖြစ်ပါတယ်။ တတိယအများဆုံးကတော့ ရေထွက်ကုန်တင်ပို့တာကနေဖြစ်ပါတယ်။ ပို့ကုန်ဝင်ငွေ အနည်းဆုံးရရှိထားတာကတော့ တိရစ္ဆာန်ထွက်ကုန်တင်ပို့တာကနေဖြစ်ပါတယ်"ဟု ဦးအောင်မင်းသိုက်က ပြောပြသည်။

မြန်မာနိုင်ငံမှနိုင်ငံပေါင်း ၃၀၀ သို့ စက်မှုကုန်ချော၊ လယ်ယာထွက်ကုန်၊ ရေထွက်ကုန်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းနှင့် အခြားကုန်ပစ္စည်းမျိုးစုံတို့ကို တင်ပို့လျက်ရှိပြီး သွင်းကုန်တင်သွင်းမှုအနေဖြင့် စက်သုံးဆီ၊ စားသုံးဆီ၊ ဆောက်လုပ်ရေးနှင့် စက်မှုကုန်ကြမ်းပစ္စည်းများ၊ ချည်မျှင်နှင့် CMP ချုပ်ပြီးအထည်များအတွက် ကုန်ကြမ်းပစ္စည်းများကို တင်သွင်းနေကြောင်း သိရသည်။ ASH

# ငပုတောမြို့နယ်၌ VDP စီမံကိန်းရေးဆွဲနည်းနှင့် AVIP သင်တန်းပို့ချ

**ငပုတော ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၀ ရွာမှ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ ဖွင့်လှစ်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရေးဆွဲနည်းနှင့် စီမံကိန်းရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP) သင်တန်းပို့ချခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ရွှေရည်သင်းက အမှာစကား ပြောကြားသည်။

ထို့နောက် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံများက ကော်မတီဝင်များကို ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနည်းများ၊ ကျေးရွာသယံဇာတနှင့် ရာသီခွင်ပြမြေပုံရေးဆွဲနည်းများ၊ AVIP နှင့် ပတ်သက်သော ငွေစာရင်းဇယားဖြည့်သွင်းနည်းများ၊ စီမံကိန်းလုပ်ငန်း ရွေးချယ်နည်းများကို သင်ကြားပို့ချကြသည်။

အဆိုပါသင်တန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေတွင်းကုန်း၊ အုန်းပင်စု၊ ပျဉ်းကတိုး၊ စက်ကြီး၊ ကုလားချောင်း၊ ရွာသစ်၊ ဘွက်ကြီး၊ ရေနောက်အိုင်၊ ကြာကန်နှင့် ကွမ်းခြံကုန်းကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို စာတွေ့၊ လက်တွေ့ဖြင့် တစ်ရက်တာ သင်ကြားပို့ချပေးခဲ့ကြောင်း ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ခိုး**

# သရက်မြို့နယ်၌ မုဆိုးရင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်

**သရက် ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက ရေဖြူကျေးရွာအုပ်စု မုဆိုးရင်ကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်ဟန်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရည်ရွယ်ချက်နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာတွင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုဆိုးရင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်၊ လိုအပ်သော ငွေကြေးအရင်းအနှီးရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်ထံမှ သိရသည်။

**ဇင်မာ**

## နိုင်ငံတကာ သတင်းများ

# ဒါဂျက်စတန်ဇာတိသူ ကလေးငယ်တစ်ဦးကို ရုရှားသမ္မတပူတင် ကရင်မလင်နန်းတော်၌ တွေ့ဆုံ

**မော်စကို ဇူလိုင် ၅**

ရုရှားသမ္မတ ပူတင်သည် ဇူလိုင် ၄ ရက်တွင် ကရင်မလင်နန်းတော်၌ ရှစ်နှစ်အရွယ်ကလေးငယ်တစ်ဦးကို ခေါ်ယူတွေ့ဆုံ၍ ဘဏ္ဍာရေးဝန်ကြီးနှင့် ဖုန်းခေါ်ဆိုရာတွင် အတူပါဝင်စေခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရိုင်ဆက်အကီပိုဗာ အမည်ရှိ အဆိုပါမိန်းကလေးအား သမ္မတပူတင်က ကြိုဆိုနှုတ်ဆက်ခဲ့ပုံကို ကရင်မလင်နန်းတော်က ဗီဒီယိုဖိုင်အဖြစ် ထုတ်လွှင့်ပြသခဲ့သည်။

အဆိုပါမိန်းကလေးသည် ရုရှားသမ္မတပူတင်နှင့် ရုရှားဘဏ္ဍာရေးဝန်ကြီး အန်တွန်ဆီလူအာနော့ဗ်နှင့်ဖုန်းခေါ်ဆိုရာတွင် အတူပါဝင်နိုင်ခဲ့ပြီး ၎င်း၏ဇာတိမြေဖြစ်သော ရုရှားတောင်ပိုင်း ဒါဂျက်စတန်ဒေသအတွက် ဖွံ့ဖြိုးရေးရန်ပုံငွေ ပိုမိုချပေးရန် တောင်းဆိုခွင့်ရခဲ့ကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

ရုရှား ဘဏ္ဍာရေးဝန်ကြီး အန်တွန်ဆီလူအာနော့ဗ်သည် မူလက ရိုင်ဆက်အကီပိုဗာ၏ အသံကြောင့် ဇဝေဇဝါဖြစ်ခဲ့ရသော်လည်း ချက်ချင်းပင် အကီပိုဗာ၏ တောင်းဆိုချက်ကိုလက်ခံခဲ့ကြောင်း ကရင်မလင်နန်းတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ဒါဂျက်စတန်ဒေသသို့ ရောက်ရှိခဲ့သည့် သမ္မတပူတင်သည် ဒါဂျက်စတန်ဇာတိသူ ကလေးငယ်ကို ကရင်မလင်နန်းတော်သို့ ဖိတ်ခေါ်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒါဂျက်စတန်ခရီးစဉ်အတွင်း ရုရှားသမ္မတပူတင်သည် ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ KKO



# စစ်ဆင်ရေးများပြုလုပ်နေသည့် အစ္စရေးတပ်များ ဂျီနင်းမြို့မှ ပြန်လည်ထွက်ခွာ

**ဂျေရုဆလင် ဇူလိုင် ၅**

အနောက်ဘက်ကမ်းဒေသ ဂျီနင်းမြို့၌ စစ်ဆင်ရေးများပြုလုပ်နေသောအစ္စရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၄ ရက်တွင် ဂျီနင်းမြို့မှ ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အစ္စရေး တပ်ဖွဲ့ဝင်များသည် ဂျီနင်းမြို့၌ ဇူလိုင် ၂ ရက် နံနက်ပိုင်းမှစ၍ စစ်သွေးကြွရှင်းလင်းရေးလုပ်ငန်းများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နှစ်ရက်ကြာမြင့်ခဲ့သည့်အဆိုပါစစ်ဆင်ရေးသည် နှစ်ပေါင်းများစွာအတွင်း အစ္စရေးနိုင်ငံက အနောက်ဘက်ကမ်းဒေသ၌ ပြုလုပ်ခဲ့ဖူးသမျှ အကြီးမားဆုံးစစ်ဆင်ရေးဖြစ်သည်။

ဂျီနင်းမြို့မှ အစ္စရေးတပ်များ ထွက်ခွာသွားပြီးနောက် ဂါဇာကမ်းမြောင်အခြေစိုက် စစ်သွေးကြွများက ယနေ့တွင် အစ္စရေးနိုင်ငံကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အစ္စရေးနိုင်ငံကလည်း လေကြောင်းထိုးစစ်များဖြင့် တုံ့ပြန်ခဲ့သည်။

ဂါဇာအခြေစိုက်ပါလက်စတိုင်းလက်နက်ကိုင်အုပ်စုများနှင့်အစ္စရေးတို့ကြားတိုက်ခိုက်မှုများ ပို၍ဆိုးလာနိုင်ခြေရှိ၊ မရှိကို လက်ရှိတွင် မသိရသေးကြောင်း သိရသည်။

အစ္စရေးစစ်ဘက်၏ ဂျီနင်းစစ်ဆင်ရေးအတွင်း အနည်းဆုံး ပါလက်စတိုင်း ၁၂ ဦးသေဆုံး၍ ဦးရေ ၁၀၀ ခန့် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

KKO

# တရုတ်အခြေစိုက် ဘီဝိုင်ဒီလျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီ ဘရာဇီး၌ ဒေါ်လာ သန်း ၆၂၀ ကျော် ရင်းနှီးမြှုပ်နှံမည်



**ပေကျင်း ဇူလိုင် ၅**

တရုတ်နိုင်ငံအခြေစိုက် လျှပ်စစ်မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဘီဝိုင်ဒီကုမ္ပဏီသည် ဘရာဇီးနိုင်ငံ၌ လျှပ်စစ်ကားများ တည်ဆောက်ထုတ်လုပ်ရေးအတွက် အမေရိကန်ဒေါ်လာသန်း ၆၂၀ ကျော် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဘီဝိုင်ဒီကုမ္ပဏီ အနေဖြင့် ဘရာဇီး အရှေ့မြောက်ပိုင်း၌ လျှပ်စစ်ကား တည်ဆောက်ထုတ်လုပ်မှုစက်ရုံ သုံးရုံတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၆၂၀ ဒသမ ၁၇ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဘီဝိုင်ဒီကုမ္ပဏီက ဇူလိုင် ၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဘီဝိုင်ဒီကုမ္ပဏီသည် အဆိုပါ လျှပ်စစ်ကားထုတ်လုပ်မှုစက်ရုံများကို ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း ဘာဟီရာပြည်နယ်ရှိ ကာမာကာရီ စက်မှုဇုန်၌ တည်ဆောက်မည်ဖြစ်သည်။

ဘာဟီရာပြည်နယ်၌ ဖွင့်လှစ်ထားသည့် မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံတစ်ရုံကို အမေရိကန်နိုင်ငံအခြေစိုက် ဖို့ဒ်ကုမ္ပဏီက ပိတ်ခဲ့ပြီးနောက် လျှပ်စစ်ကားစက်ရုံသစ်များ ယင်းပြည်နယ်၌ တည်ဆောက်ရန် ဘီဝိုင်ဒီကုမ္ပဏီက စီစဉ်ထားခြင်းဖြစ်သည်။

ဘီဝိုင်ဒီ၏ ဘရာဇီးလျှပ်စစ်ကားစက်ရုံသစ်များသည် ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းတွင် လုပ်ငန်းစတင်လည်ပတ်နိုင်ဖွယ်ရှိသည်။

မိမိတို့၏လျှပ်စစ်ကားထုတ်လုပ်ရေးစက်ရုံသစ်များသည် ဘရာဇီးပြည်သူဦးရေ ၅၀၀၀အတွက် အလုပ်အကိုင်များ ဖန်တီးပေးမည်ဖြစ်သည်ဟု ဘီဝိုင်ဒီကုမ္ပဏီက ပြောကြားခဲ့ကြောင်း သိရသည်။ KKO

# အမေရိကန်သမ္မတအိမ်ဖြူတော်အနောက်ဆောင်၌ ကိုကင်းမူးယစ်ဆေးဝါးများတွေ့ရှိ

**ဝါရှင်တန် ဇူလိုင် ၅**

အမေရိကန်သမ္မတအိမ်ဖြူတော်၌ ဇူလိုင် ၂ ရက်က တွေ့ရှိခဲ့ရသည့် အဖြူရောင်အမှုန့်များမှာ ကိုကင်းမူးယစ်ဆေးဝါးများဖြစ်ကြကြောင်း အမေရိကန် တာဝန်ရှိသူများ၏ အဆိုကိုကိုးကား၍ ရိုက်တာသတင်းဌာနက ဇူလိုင် ၄ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ အဖြူရောင်အမှုန့်များကို သမ္မတ ဂျိုးဘိုင်ဒင်နေထိုင်ရာ အိမ်ဖြူတော် ပင်မဆောင်နှင့် တွဲလျက်တည်ရှိသည့် အနောက်ဆောင်၌ တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အဖြူရောင်အမှုန့်များကို ဝါရှင်တန်မြို့တော် ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတာဝန်ရှိသူများကကိုကင်းမူးယစ်ဆေးဝါးများအဖြစ် အတည်ပြုထားကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိမ်ဖြူတော် အနောက်ဆောင်သည် သမ္မတ၏ ဘဲဥပုံရုံးခန်း၊ ဝန်ကြီးအဖွဲ့ အစည်းအဝေးခန်းနှင့် သမ္မတရုံးဝန်ထမ်းများ၏ ရုံးခန်းများ တည်ရှိရာနေရာဖြစ်ကြောင်း သိရသည်။

ကိုကင်း မူးယစ်ဆေးဝါးများ ရှာဖွေတွေ့ရှိခဲ့ပြီးနောက် သမ္မတလုံခြုံရေးအထူးအဖွဲ့က အိမ်ဖြူတော်လူအဝင်အထွက် ယာယီပိတ်ပင်ခဲ့ရကြောင်း သိရသည်။

အိမ်ဖြူတော်၌ ကိုကင်းမူးယစ်ဆေးဝါးများတွေ့ရှိချိန်တွင် သမ္မတဂျိုးဘိုင်ဒင်မှာ အိမ်ဖြူတော်၌ မရှိဘဲ ကမ့်ဒေးဗစ် သမ္မတအပန်းဖြေစခန်းသို့ ရောက်ရှိနေကြောင်း သိရသည်။

KKO

# အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌သေနတ်ပစ်ခတ်မှုဖြစ်ပွား အနည်းဆုံးသုံးဦးသေဆုံး၍ ရှစ်ဦး ဒဏ်ရာရရှိ

**နယူးယောက် ဇူလိုင် ၅**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဖို့ဒ်ဝါ့သ်မြို့၌ ဇူလိုင် ၄ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး သုံးဦး သေဆုံး၍ ရှစ်ဦးဒဏ်ရာများ ရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဖို့ဒ်ဝါ့သ်မြို့ သေနတ်ပစ်ခတ်မှုသည် ဇူလိုင် ၄ ရက် အမေရိကန်လွတ်လပ်ရေးနေ့ ကာလအတွင်း နောက်ဆုံးဖြစ်ပွားခဲ့သည့် လူအစုလိုက်အပြုံလိုက်ပစ်ခတ်ခံရမှုဖြစ်စဉ်ဖြစ်သည်။





အဆိုပါသေနတ်ပစ်ခတ်မှုသည် ဇူလိုင် ၃ ရက် ညသန်းခေါင်ယံလောက်တွင် ယာဉ်ရပ်နားကွင်းတစ်ကွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေနတ်ပစ်ခတ်မှု အတွင်း လူတစ်ဦး အခင်းဖြစ်ရာမှာပင် သေဆုံး၍ နှစ်ဦးမှာ ဆေးရုံ၌ သေဆုံးခဲ့ရပြီး ဒဏ်ရာရရှိသူ ရှစ်ဦးထိရှိခဲ့ကြောင်း ဖို့ဒ်ဝါ့သ်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

သေနတ်ပစ်ခတ်မှုတွင် လူပေါင်း မည်မျှမည်မျှပါဝင်ပတ်သက်ခဲ့ကြသည်ကို မသိရသေးသလို ပစ်ခတ်မှု ဖြစ်ပွားရခြင်းအကြောင်းရင်းကိုလည်း စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။


လက်ရှိအချိန်တွင် ဇူလိုင် ၃ ရက် သေနတ်ပစ်ခတ်မှုအတွက် ဖို့ဒ်ဝါ့သ်ရဲတပ်ဖွဲ့က မည်သူ့ကိုမျှ ဖမ်းဆီးထားရခြင်းမရှိသေးကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် သေနတ်အသုံးပြုတိုက်ခိုက်မှုများ မြင့်တက်လာမှုပြဿနာနှင့် ရင်ဆိုင်နေရပြီး ယခုနှစ်မှာပင် လက်ရှိအချိန်ထိ သေနတ်ပစ်ခတ်မှုပေါင်း ၃၄၀ကျော် ရှိနေပြီဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နိုင်ငံတကာသိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က နဂါးငွေ့တန်းကြယ်စုဗဟိုချက်ရှိ သက်တမ်းအရင့်ဆုံးကြယ်များကို ရှာဖွေတွေ့ရှိ




**ဝါရှင်တန် ဇူလိုင် ၅**

အမေရိကန်သိပ္ပံပညာရှင်များ ဦးဆောင်သော နိုင်ငံတကာသိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့သည် နဂါးငွေ့တန်းကြယ်စုဗဟိုချက်ရှိ သက်တမ်းအရင့်ဆုံးကြယ်များကို ရှာဖွေတွေ့ရှိထားကြောင်း Phys.Org သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၄ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ သက်ရင့်ကြယ်ကြီးများသည် စတင်ပေါ်ထွက်ချိန်က ကသောင်းကနင်းပေါ်ထွက်ခဲ့ဖွယ်ရှိသော်လည်း လက်ရှိအချိန်တွင် နဂါးငွေ့တန်း ဗဟိုချက်ပတ်ပတ်လည်၌ ဖြည်းညင်းစွာမှတ်မှတ်လည်ရွေ့လျားနေကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

နိုင်ငံတကာသိပ္ပံပညာရှင်များသည် နဂါးငွေ့တန်းဗဟိုချက်ရှိ အထက်ပါ သက်ရင့်ကြယ်များကို CFHT အမည်ရှိ ရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကြယ်စုများ ဖွဲ့စည်းတည်ဆောက်မှုစံပြပုံစံများအတွက် Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးဖြစ်ပွားပြီးနောက် ပေါ်ထွက်လာသည့် သက်ရင့်ကြယ်ကြီးများ ယနေ့ထိရှိဆဲဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ကြယ်ကြီးများကို လေ့လာခြင်းဖြင့် ကြယ်စုများ စတင်ဖွဲ့စည်းဖြစ်ပေါ်မှု အဆင့်ဆင့်ကို နားလည်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

စကြဝဠာရှေးဦးကြယ်ကြီးများကို ဟိုက်ဒရိုဂျင်နှင့် ဟီလီယမ်ဒြပ်စင်များဖြင့် ဖွဲ့စည်းထားရာ ၎င်းကြယ်ကြီးများကို အခြားသက်နုကြယ်များနှင့် အလွယ်တကူခွဲခြားဖော်ထုတ်နိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

KKO

## ဥက္ကာခဲနှင့်အလားတူသည့် မီးလုံးကြီးများ နေမျက်နှာပြင်ပေါ်သို့ ကျရောက်မှုကို သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိထား

**လန်ဒန် ဇူလိုင် ၅**

ဥက္ကာခဲနှင့် အလားတူသည့် မီးလုံးကြီးများ နေမျက်နှာပြင်ပေါ်သို့ ကျရောက်မှုကို သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း Space. com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၄ ရက်တွင် ရေးသားတင်ပြထားသည်။

နေမျက်နှာပြင်ပေါ်သို့ ကျရောက်နေသည့် ဥက္ကာပျံများသည် ကမ္ဘာမြေပြင်ပေါ်သို့ ကျရောက်တတ်သည့် ဥက္ကာပျံများနှင့် တူညီမှုမရှိကြောင်း ဗြိတိန်နိုင်ငံ နော်သမ်ဘရီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာပေါ်သို့ကျရောက်သည့် ဥက္ကာခဲများမှာ လေထုလွှာအတွင်း ဝင်ရောက်ပြီးနောက် လောင်ကျွမ်းပြိုကွဲသွားတတ်သော အာကာသကျောက်သား ကျောက်ခဲများ ဖြစ်ကြသည်။



သို့ရာတွင် နေမျက်နှာပြင်ပေါ်သို့ ထိုးကျနေသည့် ဥက္ကာခဲများမှာ စွမ်းအင်မှုန် အစုအဝေးများဖြစ်ကြကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် အဆိုပါစွမ်းအင်မှုန်အစုအဝေးများသည် နေလေထုလွှာအတွင်း တိုးဝင်စဉ် အပြည့်အဝပြိုကွဲသွားခြင်းမရှိဘဲ နေမျက်နှာပြင်ပေါ်ထိ ရောက်ရှိသွားတတ်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

နေမျက်နှာပြင်ပေါ်သို့ ကျရောက်နေသည့် နေဥက္ကာခဲများကို သိပ္ပံပညာရှင်များက နေလေ့လာရေးအာကာသယာဉ်များအကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## အားတီးမစ် မစ်ရှင်အတွက် စွမ်းအင်ဖြည့်ဆည်းပေးနိုင်ရန် စက်ရုပ်နည်းပညာသုံး နေရောင်ခြည်လမ်းလွှဲမှုနည်းပညာကို နာဆာနှင့် Maxar ပူးပေါင်းစမ်းသပ်မည်

**ဝါရှင်တန် ဇူလိုင် ၅**

အားတီးမစ် အာကာသမစ်ရှင်များအတွက် စွမ်းအင်ဖြည့်ဆည်းပေးနိုင်ရန် စက်ရုပ်နည်းပညာသုံး နေရောင်ခြည်လမ်းလွှဲမှုနည်းပညာကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် Maxar နည်းပညာကုမ္ပဏီတို့ ပူးပေါင်းစမ်းသပ်မည်ဖြစ်ကြောင်း Space. com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၄ ရက်တွင် ရေးသားတင်ပြထားသည်။

Light Bender အမည်ရှိ အထက်ပါနည်းပညာအရ နေရောင်ခြည်ကို အလိုအလျောက်ခြေရာခံရယူ၍ နေစွမ်းအင်ပြားများဆီသို့ လမ်းလွှဲပို့လွှတ်ပေးမည့် ကြေးမုံချပ်များကို အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

အထက်ပါနည်းပညာအရ မျှော်စင်တိုင်တစ်ခုပေါ်တွင် အချင်း ၁၀ မီတာရှိသည့် ကြေးမုံပြားနှစ်ချပ်ပါဝင်မည်ဖြစ်ပြီး တစ်ချပ်က နေရောင်ကိုခြေရာခံရယူ၍ ကျန်တစ်ချပ်က နေစွမ်းအင်ပြားများထံ နေရောင်ကို လမ်းလွှဲပေးမည်ဖြစ်သည်။

Light Bender စနစ်ကို အမှောင်ရိပ်ကျနေသော လကမ္ဘာနယ်မြေများ၌ပြုလုပ်မည့် စူးစမ်းလေ့လာရေးလုပ်ငန်းများအတွက် နေစွမ်းအင်ဖြည့်ဆည်းပေးရာတွင် အသုံးချမည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

နာဆာနှင့် Maxar တို့သည် Light Bender စနစ်ကို ၂၀၂၅ ခုနှစ်တွင် လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေ၌ စမ်းသပ်ရန် စီစဉ်ထားသည်။

နာဆာအဖွဲ့သည် အားတီးမစ် မစ်ရှင်ဖြင့် လကမ္ဘာတောင်ဝင်ရိုးစွန်းသို့ ၂၀၂၅ ခုနှစ်တွင် အာကာသယာဉ်မှူးများစေလွှတ်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ KKO

# HEALTH

## ဟော်မုန်းအစားထိုးကုထုံးခံယူသူတချို့တွင် ရင်ပူနာရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိ

**နယူးယောက် ဇူလိုင် ၅**

ဟော်မုန်းအစားထိုးကုထုံးခံယူနေသည့် အမျိုးသမီးတချို့တွင် ရင်ပူနာ (Heartburn) ခေါ် Gastroesophageal Reflux Disease(GERD) ရောဂါတစ်မျိုးဖြစ်နိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၄ ရက်တွင် ရေးသားတင်ပြထားသည်။

အစာအိမ်ထဲမှ အက်စစ်ရည်များ အစာပြွန်တစ်လျှောက် အထက်ဘက်သို့ ပြန်ဆန်တက်ချိန်တွင် GERD ရောဂါဖြစ်ပွားတတ်ပြီး ရင်ပူခြင်း၊ အစာမျိုမကျခြင်းနှင့် ရင်ဘတ်အောင့်ခြင်းများ ရှိလာတတ်သည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဟော်မုန်းအစားထိုးကုထုံးခံယူနေသည့် အမျိုးသမီးများတွင် အကျိုးဆက်အားဖြင့် GERD ရောဂါပေါ်လာနိုင်ခြေ ပုံမှန်ထက်မြင့်မားနေတတ်ကြောင်း သိရသည်။

ဟော်မုန်းအစားထိုးကုထုံးကြောင့် GERD ရောဂါဖြစ်နိုင်ခြေမြင့်မားသူ အမျိုးသမီးများထဲတွင် အဝလွန်သူများ၊ ဆေးလိပ်သောက်တတ်သူများ၊ အရက်သောက်သုံးတတ်သူများနှင့် လေ့ကျင့်ခန်းပြုလုပ်မှုမရှိသူများ ပါဝင်သည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ဟော်မုန်းအစားထိုးကုထုံးသည် အမျိုးသမီးများ၌ GERD ရောဂါပေါ်လာနိုင်ခြေ မြင့်မားလာမှုနှင့် ဆက်စပ်နေသည်ဖြစ်ရာ GERD ရောဂါ ဖြစ်နိုင်ခြေမြင့်မားသူများအနေဖြင့် ဆေးပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးသင့်ကြောင်း သုတေသနပညာရှင်များက တိုက်တွန်းထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အမျိုးသမီးတစ်သန်းကျော်ပါဝင်သည့် လေ့လာမှုပေါင်း ငါးခုကို ပြန်လည်စိစစ်ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ KKO

## နှင်းခူရောဂါကုသသည့် ထိုးဆေးတစ်မျိုးက COPD ကုသရာတွင် အထောက်အကူပြုနိုင်

**လန်ဒန် ဇူလိုင် ၅**

နှင်းခူရောဂါ ကုသရာတွင် အသုံးပြုသည့် ထိုးဆေးတစ်မျိုးသည် Chronic Obstructive Pulmonary Disease (COPD) ခေါ် နာတာရှည်အဆုတ်ရောင်ရောဂါတစ်မျိုးကိုကုသရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၄ ရက်တွင် ရေးသားတင်ပြထားသည်။

လက်တွေ့စမ်းသပ်မှုမှ ပေါ်ထွက်လာသောရလဒ်များအရ Dupilumab နှင်းခူထိုးဆေးသည် နာတာရှည်အဆုတ်ရောင်ရောဂါတစ်မျိုးခံစားနေရသူလူနာတချို့၏ ဆေးရုံတက်ရောက်ရနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ Dupilumab ဆေးသည် COPD လူနာများ ပြင်းထန်သည့်ရောဂါလက္ခဏာများခံစားရနိုင်ခြေကို ပုံမှန်ထက် ၃၅ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါဆေးသည် COPD လူနာများ၏ အဆုတ်စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ပြီး အသက်ရှူရခက်ခဲမှုကိုလည်း လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

COPD အဆုတ်ရောဂါသည် ပြင်းထန်သောရောင်ရမ်းမှုကြောင့် အဆုတ်လေပြွန်လမ်းကြောင်းများ ပိတ်ဆို့နေချိန်တွင် ဖြစ်ပွားတတ်သော အဆုတ်ရောင်ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# အင်္ဂလန်လိဂ်-၂ ကလပ် ဖောရက်ဂရင်းအသင်းက အမျိုးသမီးနည်းပြ ဟန်နာဒင်ဂလီကို ခန့်အပ်

**လန်ဒန် ဇူလိုင် ၅**

အင်္ဂလန်နိုင်ငံ လိဂ်-၂ ကလပ် ဖောရက်ဂရင်းအသင်းက အသင်းယာယီနည်းပြအဖြစ် နည်းပြဟန်နာဒင်ဂလီကို ခန့်အပ်ခဲ့သောကြောင့် သမိုင်းတစ်လျှောက် အမျိုးသားကလပ်အသင်းကို နည်းပြတာဝန်ထမ်းဆောင်မည့် ပထမဆုံးအမျိုးသမီးနည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဖောရက်ဂရင်း အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက လိဂ်-၁ တွင်ကစားခဲ့ရသော်လည်း ရလဒ်ပိုင်းကျဆင်းခဲ့သဖြင့် ပထမရာသီဝက်အပြီးတွင် နည်းပြအဖြစ်ဒန်ကန်ဖာဂူဆန်ကိုခန့်အပ်ခဲ့ရာ ခြေစွမ်းပိုင်းတိုးတက်လာခြင်းမရှိဘဲ ရာသီပြီးဆုံးချိန်တွင် အသင်းအနေဖြင့် လိဂ်-၂ကလပ်သို့ တန်းဆင်းခဲ့ရသောကြောင့် ဇူလိုင် ၄ ရက်က နည်းပြဒန်ကန်ဖာဂူဆန်နှင့် လမ်းခွဲခဲ့ပြီး အမျိုးသမီးနည်းပြ ဒင်ဂလီကို တစ်ရာသီစာချုပ်ဖြင့် ယာယီနည်းပြခန့်အပ်ခဲ့ကြောင်း သိရသည်။

အသက် ၃၉ နှစ်ရှိ ဟန်နာဒင်ဂလီသည် ၂၀၁၉ ခုနှစ်က ဖောရက်ဂရင်း လူငယ်အကယ်ဒမီကို နည်းပြအဖြစ် စတင်တာဝန်ယူခဲ့သူဖြစ်ပြီး ယခုအခါအသင်းပိုင်ရှင် ဒေးလ်ဗင့်စ်က လစ်လပ်နေသည့် နည်းပြရာထူးအတွက် ၎င်းကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသင်းပိုင်ရှင် ဒေးလ်ဗင့်စ်က "ဟန်နာဒင်ဂလီက ကျွန်တော်တို့ လူငယ်အကယ်ဒမီကိုအကောင်းဆုံး ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒါကြောင့် လက်ရှိ စီနီယာအသင်းရဲ့ နည်းပြအဖြစ် ခန့်အပ်ဖို့ဆုံးဖြတ်လိုက်တာပါ။ အခုလို အမျိုးသားအသင်းကို နည်းပြအဖြစ်ခန့်အပ်လိုက်တဲ့အပေါ်မှာ ဝေဖန်မှုတွေရှိနေမှာ သေချာပေမဲ့ သူဟာ ကျွန်တော်တို့အသင်းကို အများကြီးပြောင်းလဲပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါ့ပြင် ဟန်နာဒင်ဂလီဟာဘောလုံးသမိုင်းမှာ အမျိုးသားအသင်းကို တာဝန်ယူရတဲ့ ပထမဆုံးအမျိုးသမီးနည်းပြတစ်ဦး ဖြစ်လာမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML



## အားကစားသတင်း အတိုအထွာများ

- လီဗာပူးအသင်း ကွင်းလယ်ကစားသမား အယ်ကန်တာရာကို ဆော်ဒီကလပ် အယ်အီတီဟတ်အသင်းက ခေါ်ယူရန် ချိတ်ဆက်လျက်ရှိသည်။
- နည်းပြအန်ဆယ်လော့တီအနေဖြင့် ဘရာဇီးလက်ရွေးစင်အသင်းကို ၂၀၂၄ ကိုပါအမေရိကဖလားပြိုင်ပွဲ မတိုင်မီ တာဝန်ယူကိုင်တွယ်မည်ဖြစ်ကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။
- ခံစစ်ကစားသမား ရှားစ်ကို ယူရို သန်း ၃၀ ဖြင့် ခေါ်ယူရန် လီဗာပူးအသင်း၏ကမ်းလှမ်းမှုကိုပယ်ချခဲ့ကြောင်း တိုရီနိုအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- ဝက်စ်ဟမ်းအသင်းက ခံစစ်ကစားသမားအိုဘိုနာကို တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ML

# ဘာစီလိုနာအသင်းက ဗယ်လာဒိုးလစ်ခံစစ်ကစားသမား ဖရက်နီဒါကို ခေါ်ယူရန်ကြိုးပမ်း



**ဘာစီလိုနာ ဇူလိုင် ၅**

ဘာစီလိုနာ အသင်းသည် ညာတောင်ပံ ခံစစ်ပိုင်းအတွက် ဗယ်လာဒိုးလစ်အသင်း လူငယ်ကစားသမား ဖရက်နီဒါကိုခေါ်ယူရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့ပြီး ငါးနှစ်စာချုပ်ချုပ်ဆိုနိုင်ရန် နီးစပ်လျက်ရှိကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်ရှိ ခံစစ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဗယ်လာဒိုးလစ်အသင်းနှင့်အတူ လာလီဂါပြိုင်ပွဲ ၂၂ ပွဲထိ ပါဝင်ခွင့်ရခဲ့ကာ ခံစစ်ပိုင်းတွင် အကောင်းဆုံး ပါဝင်ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ဥရောပကလပ်အသင်းကြီးများဖြစ်သည့် အာဆင်နယ်နှင့်ဒေါ့မွန်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ဘာစီလိုနာအသင်းက လက်ဦးမှုရယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

လက်ရှိတွင် ဖရက်နီဒါ၏စာချုပ်ဖျက်သိမ်းကြေးမှာ ယူရို သန်း ၂၀ ဖြစ်သော်လည်း ဘာစီလိုနာအသင်းက တစ်ဝက်ကြေးသာပေးချေရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိပြီး ငါးနှစ်စာချုပ်ဖြင့် သဘောတူညီမှုရရှိရန် နီးစပ်လျက်ရှိနေသည်။

ဘာစီလိုနာ အသင်းသည် ဘဏ္ဍာရေး အကျပ်အတည်းများကြောင့် လာလီဂါအဖွဲ့ချုပ်၏ဝင်ငွေထွက်ငွေစည်းမျဉ်းနှင့် ကိုက်ညီမှုရှိရန် ကြိုးပမ်းနေရသဖြင့် ကစားသမားသစ်များ ခေါ်ယူရာတွင် ငွေကြေးသုံးစွဲရန် ခက်ခဲနေသောကြောင့် အလွတ်ပြောင်းရွှေ့ခွင့်ရရှိမည့်ကစားသမားများနှင့် အနာဂတ်အလားအလာကောင်းသည့် လူငယ်ကစားသမားများကိုသာ ဦးစားပေးခေါ်ယူလျက်ရှိသည်။

ဘာစီလိုနာအသင်းသည် လက်ရှိအပြောင်းအရွှေ့ကာလတွင် မန်စီးတီးအသင်းမှ ဂန်ဒိုဂမ်၊ ဘီလ်ဘာအိုအသင်းမှ အင်နာဂိုမာတီနက်ဇ်၊ ဘရာဇီးကလပ် ပါရာနန်စီ ကစားသမား ဗစ်တာရိုက်ဒ်တို့ကို ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။ ML

# ဒေါ့မွန်အသင်းက ကွင်းလယ်ကစားသမား မက်ကင်နီကိုခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်

**ဘာလင် ဇူလိုင် ၅**

လက်ရှိအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ပိုင်းဖြည့်တင်းရန် ကြိုးပမ်းနေသည့် ဒေါ့မွန်အသင်းက ဂျူဗင်တပ်အသင်းမှ မက်ကင်နီကို ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်နေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဒေါ့မွန်အသင်းက ကွင်းလယ်ကစားသမား ဘယ်လင်ဟမ် ထွက်ခွာသွားပြီးနောက် ၎င်းနေရာတွင် ဘရိုက်တန်ကစားသမား ဒါဟော့နှင့် အစားထိုးခဲ့သော်လည်း ကွင်းလယ်ပိုင်းအတွက်ကစားသမားသစ်ထပ်မံရှာဖွေရန် ကြိုးပမ်းလျက်ရှိရာ ဂျူဗင်တပ်အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသည့် မက်ကင်နီကို ခေါ်ယူရန် ပစ်မှတ်ထားခဲ့ကြောင်း သိရသည်။

ကွင်းလယ် ကစားသမား မက်ကင်နီသည် ဂျူဗင်တပ်အသင်းသို့ ၂၀၂၀ ပြည့်နှစ်က ရောက်ရှိခဲ့ပြီး အသင်းအတွက် ပြိုင်ပွဲစုံ ၉၆ ပွဲတွင် သွင်းဂိုး ၁၃ ဂိုး သွင်းယူနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဒဏ်ရာ မကြာခဏရရှိနေသဖြင့် ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ကာ ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက လိဒ်အသင်းသို့ အငှားစာချုပ်ဖြင့် ကစားခဲ့ရကာ အသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင် အရောင်းစာရင်းတင်သွင်းခံခဲ့ရသည်။

မက်ကင်နီသည် ဂျူဗင်တပ်အသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ဒေါ့မွန်အသင်းက ဘွန်ဒက်လီဂါကလပ် ရှော်လ်ကေးအသင်းတွင် လေးနှစ်တာကစားခဲ့သည့် မက်ကင်နီကို ခေါ်ယူရန်ဆုံးဖြတ်ခဲ့ပြီး ဂျူဗင်တပ်အသင်းက ပြောင်းရွှေ့ကြေးကို ယူရို သန်း ၃၀ ခန့်အလိုရှိနေကြောင်း ပြောကြားခဲ့သဖြင့် ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။ ML

# WBA မစ်ဒယ်ဝိတ်တန်းချန်ပီယံဂိုလို့ဗ်ကင်နှင့် ထိုးသတ်ခွင့်ရရှိရန် မျှော်လင့်နေပြီး တရားဝင်စိန်ခေါ်မှုပြုလုပ်ထားကြောင်း ဂျင်မီကယ်လီထုတ်ပြန်

**လန်ဒန် ဇူလိုင် ၅**

WBO Global မစ်ဒယ်ဝိတ်တန်းချန်ပီယံ အင်္ဂလန်လက်ဝှေ့သမား ဂျင်မီကယ်လီသည် IBF၊ IBO၊ WBA မစ်ဒယ်ဝိတ်တန်းချန်ပီယံ ကာဇက်စတန်လက်ဝှေ့သမား ဂိုလို့ဗ်ကင်နှင့် ထိုးသတ်ရန် မျှော်လင့်နေပြီး တရားဝင်စိန်ခေါ်မှုပြုလုပ်ထားသည်ဟု ပြောကြားခဲ့ကြောင်း British Boxing သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျင်မီကယ်လီသည် ပုံမှန်ကမ္ဘာ့ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခြင်းမရှိသေးဘဲ မစ်ဒယ်ဝိတ်တန်းလောက၏ အအောင်မြင်ဆုံးသော လက်ဝှေ့သမား ဂိုလို့ဗ်ကင်နှင့် ထိုးသတ်ခွင့်ရရှိလိုနေသကဲ့သို့ ကမ္ဘာ့ချန်ပီယံဆုကိုလည်း ဆွတ်ခူးခွင့်ရလိုသည့်အတွက် ဂိုလို့ဗ်ကင်ကို စိန်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း ဂျင်မီကယ်လီက ပြောကြားခဲ့သည်။

ဂျင်မီကယ်လီက "ကာဇက်စတန်နိုင်ငံမှာ နာမည်ကြီးနေတဲ့ ကာနက်အစ္စလမ်ကို ကျွန်တော်အနိုင်ထိုးသတ်နိုင်ခဲ့ပါတယ်။ ဒီလိုနာမည်ကြီးတဲ့ လက်ဝှေ့သမားတစ်ယောက်ကို အနိုင် ထိုးသတ်နိုင်ခဲ့တဲ့အတွက် ထိုက်သင့်တဲ့နေရာတစ်ခုကို ရသင့်ပါတယ်။ကျွန်တော့်အနေနဲ့ကာဇက်စတန် လက်ဝှေ့သမားတစ်ဦးဖြစ်တဲ့ ဂိုလို့ဗ်ကင်နဲ့ ထိုးသတ်သွားချင်ပါတယ်။ဂိုလို့ဗ်ကင်က မစ်ဒယ်ဝိတ်တန်းလောကရဲ့ အကောင်းဆုံးလက်ဝှေ့သမားတစ်ဦးဖြစ်သလို လက်ရှိချန်ပီယံဆုတွေကိုလဲ အကြိမ်ကြိမ်ကာကွယ်ထားနိုင်တဲ့လက်ဝှေ့သမားတစ်ယောက်ပါ။ သူနဲ့ထိုးသတ်ခွင့်ရဖို့ ဆွေးနွေးမှုပြုလုပ်တာနဲ့ကို စိတ်လှုပ်ရှားမိပါတယ်။ကျွန်တော့်အနေနဲ့ အခုချိန်မှာ ဂိုလို့ဗ်ကင်လို လက်ဝှေ့သမားနဲ့ထိုးသတ်ဖို့ အချိန်သင့်အခါသင့်ပဲလို့ ယူဆပါတယ်။ ဂိုလို့ဗ်ကင်အနေနဲ့လဲ ကျွန်တော့်ရဲ့ စိန်ခေါ်မှုကိုလက်ခံမယ်လို့ယုံကြည်မျှော်လင့်ပါတယ်။ ကျွန်တော့်အနေနဲ့ ဩစတြေးလျနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ကူဝိတ်နိုင်ငံတို့မှာထိုးသတ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော့်အတွက် ပြိုင်ဘက်အစစ်အမှန်ကို မတွေ့သေးဘူး"ဟု ပြောကြားခဲ့သည်။



ဂျင်မီကယ်လီသည် WBO Global မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်အတွက် ကာဇက်စတန်လက်ဝှေ့သမား ကာနက်အစ္စလမ်ကို အနိုင်ယူထိုးသတ်နိုင်ခဲ့ပြီးနောက် ကာဇက်စတန်လက်ဝှေ့သမားတစ်ဦးပင်ဖြစ်သည့် ဂိုလို့ဗ်ကင်ကိုလည်း အနိုင်ထိုးသတ်နိုင်လိမ့်မည်ကို ယုံကြည်ကြောင်း ဂျင်မီကယ်လီက ပြောကြားခဲ့သည်။

AZL

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် မဟာယူနိုက်တက်အသင်းက GFA အသင်းကို ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် ဇူလိုင် ၅**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မဟာယူနိုက်တက်အသင်းက ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံးတိုက်စစ်ဖွင့်ကစားခဲ့ပြီး ပွဲချိန် ၁၀ မိနစ်တွင် အာကာကျော်က မဟာယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၂၄မိနစ်တွင် ချမ်းငြိမ်းက GFA အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၃၈ မိနစ်တွင် ကျော်စွာမင်းနှင့် ပွဲချိန် ၄၅ မိနစ်တွင် ပက်ထရစ်တို့က မဟာယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် မဟာယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းစလုံး ပထမပိုင်းကကဲ့သို့ တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပွဲချိန် ၅၅မိနစ်တွင် ဂျိုးဆက်က GFA အသင်းအတွက် ချေပဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၆၅ မိနစ်တွင် မျိုးမင်းဖြိုးနှင့် ပွဲချိန် ၈၈ မိနစ်တွင် နေလင်းထွန်းတို့က မဟာယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ကာ ပွဲချိန် ၉၂မိနစ်တွင် ဟိန်းထက်ဖြိုးက GFA အသင်းအတွက် ချေပဂိုး တစ်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်၌ မဟာယူနိုက်တက်အသင်းက ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို မဟာယူနိုက်တက်အသင်းနှင့် ခြေစွမ်းပြသနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား ကျော်စွာမင်းကရရှိခဲ့ပြီး ပွဲစဉ်(၁၁) အခြားပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

STA

# ၂၀၂၃ အာဆီယံအမျိုးသမီးယူ-၁၉ပြိုင်ပွဲ သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၅**

မြန်မာယူ-၁၉ အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၃အာဆီယံအမျိုးသမီးယူ-၁၉ ပြိုင်ပွဲ အုပ်စု(C)အတွက်သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်းမြို့ရှိ Gelora Sriwijaya Jakabaring အားကစားကွင်း သတင်းစာရှင်းလင်းပွဲခန်းမတွင် ကျင်းပခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဖော်ပြခဲ့သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ မြန်မာယူ-၁၉ အမျိုးသမီးအသင်း နည်းပြ ဒေါ်သက်သက်ဝင်းနှင့်အတူ ပြိုင်ဘက်အသင်း နည်းပြများဖြစ်သည့် ဖိလစ်ပိုင်ယူ-၁၉ အသင်းမှ နည်းပြနှင့် ထိုင်းယူ-၁၉ အသင်းမှ နည်းပြတို့တက်ရောက်ခဲ့ကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် မြန်မာယူ-၁၉ အမျိုးသမီးအသင်းနည်းပြ ဒေါ်သက်သက်ဝင်းက "ခက်ခဲမဲ့အုပ်စုပါ။ ဒါပေမဲ့ မြန်မာအသင်းအတွက် ကံကောင်းတာက ထိုင်းအသင်းနဲ့ ဖိလစ်ပိုင်အသင်းတို့ ကစားရမဲ့ပွဲကို အရင်ကြည့်ခွင့်ရပြီး ပြင်ဆင်ခွင့်ရရှိတာပါ။ အုပ်စုအဆင့်ကနေ ကျော်ဖြတ်နိုင်ဖို့အတွက် ပြိုင်ဘက်အသင်းတိုင်းကို အလေးထားယှဉ်ပြိုင်မှာပါ"ဟု ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၈ ရက် မြန်မာစံတော်ချိန် ည ၇နာရီခွဲတွင် ဖိလစ်ပိုင်ယူ-၁၉ အမျိုးသမီးအသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၁၀ ရက် မြန်မာစံတော်ချိန် ည ၇နာရီတွင် ထိုင်းယူ-၁၉အမျိုးသမီးအသင်းနှင့်လည်းကောင်းအသီးသီးကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA



# မန်ယူအသင်းသို့ပြောင်းရွှေ့ခဲ့သည့် မေဆင်မောင့်က ဂန္ထဝင်ကျောနံပါတ်(၇)ကို ဝတ်ဆင်ကစားမည်ဟုအတည်ပြုကြေညာ

**လန်ဒန် ဇူလိုင် ၅**

ပြီးခဲ့သည့်ရက်ပိုင်းက ချဲလ်ဆီးအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည့် ကွင်းလယ်ကစားသမား မေဆင်မောင့်သည် မန်ယူအသင်းတွင် ဂန္ထဝင်ကျောနံပါတ်ဖြစ်သည့် ကျောနံပါတ်(၇)ကို ဝတ်ဆင်ကစားသွားမည်ဖြစ်ကြောင်း One-football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ပထမဆုံးကစားသမား ခေါ်ယူမှုအဖြစ် မေဆင်မောင့်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၅သန်းဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ၎င်းဝတ်ဆင်ကစားမည့် ကျောနံပါတ်ကို အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းတွင် ကျောနံပါတ်(၇)ကို အသင်းဂန္ထဝင်ကျောနံပါတ်အဖြစ် သတ်မှတ်ထားပြီး မေဆင်မောင့်မတိုင်မီကလည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့် ဂန္ထဝင်ကစားသမားများဖြစ်သည့် ကန်တိုနာ၊ ဒေးဗစ်ဘက်ခမ်း၊ စီရော်နယ်ဒို အစရှိသည့်ကစားသမားများက ဝတ်ဆင်ခဲ့ကြပြီး အောင်မြင်မှုများစွာ ရယူနိုင်ခဲ့ကြခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဘောလုံးရာသီက ကျောနံပါတ်(၇)ကို စီရော်နယ်ဒိုက ဝတ်ဆင် ကစားခဲ့ခြင်းဖြစ်ပြီး စီရော်နယ်ဒိုသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက မန်ယူအသင်းနှင့် စာချုပ်ဖျက်သိမ်းခဲ့ပြီး အသင်းမှ ထွက်ခွာခဲ့ပြီးနောက် ကျောနံပါတ် (၇)မှာ လစ်လပ်နေခြင်းဖြစ်သည်။

အစောပိုင်းက လစ်လပ်နေသည့် ကျောနံပါတ်(၇)ကို အသင်းနှင့် ခြေစွမ်းပြသလျက်ရှိနေသည့်လူငယ်တောင်ပံကစားသမား ဂါနာချိုက ဝတ်ဆင်ရန် သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ မေဆင်မောင့်က ကျောနံပါတ်(၇)ကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ အယ်ကာရက်ဇ်နှင့် အင်ဒီမာရေးတို့ တက်ရောက်

**လန်ဒန် ဇူလိုင် ၅**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ အယ်ကာရက်ဇ်နှင့် အင်ဒီမာရေးတို့ တက်ရောက်နိုင်ခဲ့သည်ဟု Tele-graph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်အဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ပြင်သစ်တင်းနစ်ကစားသမားချက်ဒီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က(၆-၀ ၊ ၆-၂ ၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား အယ်ကာရက်ဇ်သည် ကစားသမားဘဝ၏ ပထမဆုံး ဝင်ဘယ်ဒန်ဆုဖလားကို ဆွတ်ခူးနိုင်ရေးအတွက် ပစ်မှတ်ထားနေပြီး ကမ္ဘာ့အဆင့်(၁)နေရာကိုဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ရန် လိုအပ်နေသည်။

အခြားသော ပထမအဆင့်ပွဲစဉ်အဖြစ် ဗြိတိန်တင်းနစ်လောက၏ အအောင်မြင်ဆုံးသောတင်းနစ်ကစားသမားဖြစ်သည့် အင်ဒီမာရေးသည် ပထမအဆင့်တွင် တစ်နိုင်ငံတည်းသား ကစားသမားတစ်ဦးပင်ဖြစ်သည့် ပန်နစ္စတန်နှင့်ယှဉ်ပြိုင်ကစားခဲ့ရာ အင်ဒီမာရေးက (၆-၃၊ ၆-၀၊ ၆-၁)ရလဒ်ဖြင့်အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အင်ဒီမာရေးက "ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ ပြန်လည်ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့သလို Centre Court မှာ ပြန်လည်ကစားခွင့်ရခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်။ ပထမအဆင့်မှာပုံစံကောင်းတစ်ခုနဲ့ကစားနိုင်ပြီး ဒုတိယအဆင့်တက်ရောက်နိုင်ခဲ့လို့ကျေနပ်မိပါတယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။

AZL

# The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ၁၉၉၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဂါစီယာ လွဲချော်



**မက်ဒရစ် ဇူလိုင် ၅**

စပိန်ဂေါက်သီးရိုက်ကစားသမား ဂါစီယာသည် ဇူလိုင် ၁၆ ရက်၌ စကော့တလန်နိုင်ငံတွင် ကျင်းပမည့် The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ၁၉၉၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် လွဲချော်မည်ဖြစ်ကြောင်း Inde-pendent သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂါစီယာသည် The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် လက်ရည်စစ်ပွဲယှဉ်ပြိုင်ခဲ့ရာ လက်ရည်စစ်ပွဲမအောင်မြင်ခဲ့ခြင်းကြောင့် ပြိုင်ပွဲနှင့်လွဲချော်ရတော့မည်ဖြစ်ပြီး ၎င်းသည် ကစားသမားဘဝသက်တမ်းတစ်လျှောက် အဓိကပြိုင်ပွဲများနှင့် လွဲချော်ခဲ့ဖူးခြင်း မရှိသေးကြောင်း သိရသည်။


ဂါစီယာက "ကျွန်တော့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ၁၉၉၇ ခုနှစ်နောက်ပိုင်း အဓိကပြိုင်ပွဲတွေနဲ့ လွဲချော်ခဲ့ဖူးခြင်းမရှိသေးပါဘူး။ ဒီနှစ် The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲကိုတော့ ကံမကောင်းစွာနဲ့ပဲ လွဲချော်ရတော့မယ်။ လက်ရည်စစ်ပွဲမအောင်ခဲ့တာ ရှက်စရာကောင်းပါတယ်။ လိုအပ်ချက်လေးတွေရှိနေလို့လက်ရည်စစ်ပွဲမအောင်မြင်ခဲ့ပါဘူး"ဟု ပြောကြားခဲ့သည်။

ဂါစီယာနှင့်အတူ လက်ရည်စစ်ပွဲတွင်ယှဉ်ပြိုင်ခဲ့ကြသည့် တောင်အာဖရိကဂေါက်သီးရိုက်ကစားသမား ကိုင်လီဘာကာ၊ အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား အဲလက်စ်ဖစ်ဇ်ပက်ထရစ်၊ ဂျာမနီဂေါက်သီးရိုက်ကစားသမား ခရစ်တန်ဆင်တို့မှာ လက်ရည်စစ်ပွဲ အောင်မြင်ခဲ့ကြကြောင်း သိရသည်။

AZL

# တရုတ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု မောင်းနှင်အားများ

**မောင်သောင်းဝင်း(တမန်ဟောင်း)**



၂၀၁၂ ခုနှစ်မှစ၍ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အရှိန်အဟုန်ရရှိလျက်ရှိကြောင်းနှင့် သာတူညီမျှရှိမှု၊ စဉ်ဆက်မပြတ်တိုးတက်မှုနှင့် လုံခြုံစိတ်ချရမှုတို့ ပိုမိုရှိလာပြီဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ လွှမ်းမိုးမှုရှိလာချိန်တွင် တိုင်းပြည်၏စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာစွမ်းအားတို့သည် တိုးတက်လျက်ရှိကြောင်း အမျိုးသားတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲမှုကော်မရှင်(NDRC) ဒုတိယဝန်ကြီး ရှောင်ချန်ဇင်းက ပြောကြားခဲ့သည်။

ရှောင်သည် ၂၀၁၂ ခုနှစ် ဆယ်စုနှစ်ကာလအတွင်း တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများကို အသေးစိတ်ပြောကြားခဲ့ပြီး တရုတ်နိုင်ငံ၏ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) သည် ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၃ ထရီလီယံရှိခဲ့ပြီး ကမ္ဘာ့ GDP စုစုပေါင်း၏ ၁၁ ဒသမ ၃ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၀၅ ထရီလီယံထိ ရှိလာသောကြောင့် ကမ္ဘာ့ GDP စုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းထိရှိလာခဲ့ကြောင်း၊ အဆိုပါကာလအတွင်း တစ်ဦးချင်း GDP သည် အမေရိကန်ဒေါ်လာ ၆၃၀၀ မှ ၁၂၀၀၀ ကျော်ထိတိုးတက်လာခဲ့ကြောင်း ပြောကြားခဲ့သည်။

**ပိုမိုပွင့်လင်းမြင်သာသောစီးပွားရေးစနစ်**

ပြုပြင်ပြောင်းလဲမှုများသည် ဈေးကွက်သမားများ သက်ဝင်ရှင်သန်နိုင်မှုကိုအားပေးခြင်း၊ ဈေးကွက်စနစ်နှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ရှင်သန်တိုးတက်အောင်ဆောင်ရွက်ခြင်းများ လုပ်ဆောင်ပေးလျက်ရှိသည့်အပြင် ပွင့်လင်းမြင်သာသောအဆင့်မြင့်စီးပွားရေးစနစ်ကိုလည်း ထူထောင်လျက်ရှိသောကြောင့် ၂၀၁၂ ခုနှစ်မှစ၍ တရုတ်နိုင်ငံ၏ ဈေးကွက်စီးပွားရေးသည် တိုးတက်မှုအသစ်များ ဖော်ဆောင်လျက်ရှိသည်။

လွန်ခဲ့သော ဆယ်စုနှစ်ကာလအတွင်း နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အထက်မှအောက်သို့ စီးဆင်းသည့်ဒီဇိုင်းပုံစံကို အပြီးသတ်အကောင်အထည်ဖော်ခဲ့သည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖွဲ့စည်းမှုကို အကောင်းဆုံးပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် အများနှင့်မသက်ဆိုင်သောစီးပွားရေးလုပ်ငန်းဝန်းကျင်ကို တိုးတက်အောင် ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းအရေအတွက်သည် ၂၀၁၂ ခုနှစ်တွင် ၁၀ ဒသမ ၈၅ သန်းသာရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၄၄ ဒသမ ၅၇ သန်းထိ တိုးတက်လာခဲ့သည်။ အလယ်အလတ်အဆင့်ဝင်ငွေရှိသော ပြည်သူသန်း ၄၀၀ အပါအဝင် ပြည်သူ ၁ ဒသမ ၄ ဘီလီယံရှိသော ပြည်တွင်းဈေးကွက်တစ်ခုကို ဖွဲ့စည်းခဲ့သည်။ ကမ္ဘာ့ဘဏ်၏စီးပွားရေးလုပ်ငန်းတွင် တရုတ်နိုင်ငံ၏အဆင့်သည် ၂၀၁၃ ခုနှစ်တွင် အဆင့် (၉၆) နေရာသာရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် အဆင့် (၃၁) ထိတိုးတက်လာခဲ့သည်။

တရုတ်နိုင်ငံသည် စီးပွားရေးအရ ပိုမိုပွင့်လင်းသောနိုင်ငံဖြစ်လာရန် အခိုင်အမာဆုံးဖြတ်ထားရှိသည်။ တရုတ်နိုင်ငံသည် အခြားသောဖွံ့ဖြိုးဆဲနိုင်ငံများထက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိလျက်ရှိပြီး ၂၀၂၁ ခုနှစ်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၇၃ ဒသမ ၃၉ ဘီလီယံထိရှိခဲ့သောကြောင့် ကမ္ဘာ့အဆင့် ၂ နေရာတွင် ရပ်တည်လာခဲ့သည့်အပြင် ၂၀၁၂ ခုနှစ်ကထက် ပြည်ပရင်းနှီးမြှုပ်နှံမှု ၆၂ ဒသမ ၉ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့သည်။

တရုတ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန်၊ ကာကွယ်ရန်နှင့် စီမံခန့်ခွဲရန်စနစ်တစ်ခုကိုထူထောင်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံသူများကို ပြီးပြည့်စုံပြီးခိုင်မာအားကောင်းသည့် တရားဥပဒေကြောင်းဆိုင်ရာ အကာအကွယ်များပေးထားသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုဥပဒေသည် ၂၀၂၀ ပြည့်နှစ်တွင် တရားဝင်သက်ရောက်မှုရှိလာခဲ့သည်။ ၎င်းဥပဒေသည် နည်းပညာလွှဲပြောင်းပေးအပ်ရန်အတွက် ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ကုမ္ပဏီကြီးများကို အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် ဖိအားပေးပြစ်ဒဏ်ချမှတ်ခြင်းတို့ကို တားမြစ်ထားရှိသည်။ နိုင်ငံခြားကုမ္ပဏီများသည် ဖွဲ့စည်းမှု၊ နိုင်ငံသားစိစစ်မှု၊ စက်မှုလုပ်ငန်းနှင့် ဒေသတွင်းဆိုင်ရာစံနှုန်းများကို တရုတ်ကုမ္ပဏီများကဲ့သို့ပင် တရားဥပဒေနှင့်အညီသာတူညီမျှ ဆောင်ရွက်ခွင့်ရှိကြောင်း ၎င်းဥပဒေ၌ပြဋ္ဌာန်းထားရှိသည်။

တရုတ်နိုင်ငံအတွင်း ပြည်ပစီးပွားရေးလုပ်ငန်းများ ပိုမိုဆွဲဆောင်သွားနိုင်ရန်အလို့ငှာ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ငါးနှစ်တာကာလအတွက် တရုတ်နိုင်ငံသည် ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ကန့်သတ်ထားသည့်ပစ္စည်းများစာရင်းကို လျှော့ချခဲ့ပြီး ကုန်ထုတ်လုပ်မှု၊ လယ်ယာစိုက်ပျိုးရေးနှင့် ဘဏ္ဍာရေးကဲ့သို့သောကဏ္ဍများတွင် ပိုမိုပွင့်လင်းမြင်သာသောမူဝါဒများကျင့်သုံးလာခဲ့သည်။

တရုတ်နိုင်ငံသည် နိုင်ငံပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုအတွက် အမြန်အလှန်ကုန်သွယ်မှု၊ ပူးတွဲရင်းနှီးမြှုပ်နှံမှုနှင့် အခြေခံအဆောက်အအုံစီမံကိန်းများမှတစ်ဆင့် တရုတ်နိုင်ငံနှင့် လမ်းကြောင်းတစ်လျှောက်ရှိ စီမံကိန်းတွင်ပါဝင်သောနိုင်ငံများကြား ချိတ်ဆက်နိုင်ရန် ရှေးခေတ်ကုန်းလမ်းနှင့် ရေလမ်းကို ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်ရန် ၂၀၁၃ ခုနှစ်တွင် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (BRI) ကို စတင်အဆိုပြုခဲ့သည်။ ၎င်းစီမံကိန်းတွင် စီးပွားရေးဆိုင်ရာ ပိုးလမ်းမနှင့် ၂၁ ရာစုပင်လယ်ရေကြောင်းဆိုင်ရာ ပိုးလမ်းမတို့ပါဝင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် BRI စီမံကိန်းအောက်တွင် နိုင်ငံပေါင်း ၁၄၉ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၃၂ ခုတို့ဖြင့် သဘောတူညီချက် ၂၀၀ ကျော် လက်မှတ်ရေးထိုးထားရှိပြီးဖြစ်သည်။ ၂၀၂၂ ခုနှစ် မေလထိ တရုတ်နှင့်ဥရောပနိုင်ငံများကြား ကုန်စည်ရထားအခေါက်ရေ ၅၅၄၉၃ ကြိမ်ထိပြေးဆွဲခဲ့ပြီး ကုန်ပစ္စည်းကွန်တိန်နာ ၄ ဒသမ ၈ သန်း သယ်ယူပို့ဆောင်နိုင်ခဲ့သည်။ တရုတ်နိုင်ငံနှင့် BRI စီမံကိန်းတွင်ပါဝင်သောနိုင်ငံများကြား ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၈ ထရီလီယံရှိခဲ့ပြီး အဆိုပါနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံထားရှိမှု အမေရိကန်ဒေါ်လာ ၁၄၀ ဘီလီယံထိရှိသည်။

**အခွင့်အလမ်းသစ်များ**

လွန်ခဲ့သော ဆယ်စုနှစ်အတွင်း တရုတ်နိုင်ငံသည် မြို့ပြအလုပ်အကိုင်အခွင့်အလမ်း သန်း ၁၃၀ ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် မေလမှစ၍ လစာပုံမှန်တိုးတက်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်လျက်ရှိသောကြောင့် အလုပ်သမားများ၏ အခြေအနေသည် ပိုမိုကောင်းမွန်လာပြီဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများခိုင်မာသေချာစေရန်နှင့် ၎င်းတို့ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်စေရန် စီးပွားရေးဆိုင်ရာအခြေခံအုတ်မြစ်များ ခိုင်မာသေချာအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း NDRC ဒုတိယအတွင်းရေးမှူးချုပ် ယန်ယင်ကိုင်းက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ဈေးကွက်အခြေခံသည့် ဈေးနှုန်းသတ်မှတ်မှုစနစ်ကို ထူထောင်ထားရှိပြီး ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းထိ ဈေးကွက်အခြေခံကာ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု ၉၇ ဒသမ ၅ ရာခိုင်နှုန်းခန့်ကို ဈေးနှုန်းသတ်မှတ်နိုင်ခဲ့သည်။ ထို့ပြင် ဈေးနှုန်းသတ်မှတ်ပြဋ္ဌာန်းသည့်ယန္တရားသည် ၂၀၁၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း တိုးတက်လာလျက်ရှိရာ ငွေကြေးဖောင်းပွမှုကိုတိုင်းတာသည့် စားသုံးသူအညွှန်းကိန်းနှစ်စဉ်တိုးတက်မှုသည် နှစ်ရာခိုင်နှုန်းခန့်ရှိသည်။

ပထဝီနိုင်ငံရေးဆိုင်ရာ ပဋိပက္ခများကြောင့် တရုတ်နိုင်ငံအနေဖြင့် ပြည်ပမှသက်ရောက်လာသည့် ငွေကြေးဖောင်းပွမှုကို ရင်ဆိုင်သွားရဖွယ်ရှိနေသည်။ သို့သော် လုံလောက်သောဈေးကွက်ထောက်ပံ့ဖြန့်ဖြူးမှုနှင့် လိုက်လျောညီထွေသောမူဝါဒများကြောင့် တရုတ်နိုင်ငံသည် ကုန်ဈေးနှုန်းတည်ငြိမ်အောင် ထိန်းသိမ်းထားနိုင်သည့်အခြေအနေနှင့် မူဝါဒများရှိနေပြီဖြစ်သည်။

၂၀၁၂ ခုနှစ်မှစ၍ တရုတ်နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး အိမ်ခြံမြေကဲ့သို့သော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများအပေါ် အသုံးစရိတ်သည် တဖြည်းဖြည်းချင်းသာမြင့်တက်လျက်ရှိသောကြောင့် စီးပွားရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုလျက်ရှိသည်။ 5G၊ အချက်အလက်စင်တာများ၊ သောက်သုံးရေထိန်းသိမ်းမှု၊ ရထားလမ်းနှင့်စွမ်းအင်ကဲ့သို့သောကဏ္ဍများတွင် အကြီးစားစီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိပြီး ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုတွင် ရင်းနှီးမြှုပ်နှံခြင်း၊ တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ခြင်းနှင့် ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်စောင့်ရှောက်မှုတို့တွင် ရင်းနှီးမြှုပ်နှံခြင်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၃ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း အိမ်ခြံမြေလုပ်ငန်းများတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၉၅ ထရီလီယံရှိခဲ့ပြီး နှစ်စဉ်တိုးတက်မှုနှုန်း ၇ ဒသမ ၈ ရာခိုင်နှုန်းရှိသည်။ ဝန်ဆောင်မှုကဏ္ဍတွင် နှစ်စဉ်ရင်းနှီးမြှုပ်နှံမှု ၈ ဒသမ ၉ ရာခိုင်နှုန်းနှင့် အဆင့်မြင့်နည်းပညာကဏ္ဍတွင် ၁၅ ရာခိုင်နှုန်းအသီးသီးတိုးတက်ခဲ့သည်။ ၂၀၁၂ ခုနှစ်မှစ၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုသည် တိုင်းပြည်စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၅၅ ရာခိုင်နှုန်းကျော်ထိရှိခဲ့သည့်အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ရပ်ဖြစ်ခဲ့သည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သောဆယ်စုနှစ်အတွင်း သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင်လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ထားပြီးဖြစ်သည်။ တရုတ်နိုင်ငံသည် လွန်ခဲ့သောဆယ်စုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာဆန်းသစ်တီထွင်မှုအညွှန်းကိန်းတွင် အဆင့် ၃၄ သာရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် အဆင့် ၁၂ ထိရောက်ရှိလာခဲ့သည့်အတွက် စဉ်ဆက်မပြတ်နှင့် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာသည့် ကမ္ဘာတစ်ဝန်းတွင် တစ်ခုတည်းသောနိုင်ငံဖြစ်လာခဲ့သည်။

တရုတ်နိုင်ငံ၏ အဆင့်မြင့်နည်းပညာစက်မှုလုပ်ငန်းမှရရှိသောဝင်ငွေသည် ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈ ထရီလီယံသာရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၇ ထရီလီယံထိတိုးတက်လာခဲ့သည်။ အဆင့်မြင့်နည်းပညာသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးစရိတ်နှင့် GDP အချိုးသည် ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၆၈ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၂ ဒသမ ၆၇ ရာခိုင်နှုန်းထိတိုးတက်လာခဲ့သည်။ လွန်ခဲ့သောဆယ်စုနှစ်ကျော်ကာလအတွင်း အခြေခံသုတေသနလုပ်ငန်းအပေါ် တရုတ်နိုင်ငံ၏ အသုံးစရိတ်သည် သုံးဆမြင့်တက်ခဲ့သောကြောင့် ကမ္ဘာပေါ်တွင် ဆန်းသစ်တီထွင်မှုနှင့် စီးပွားရေးလုပ်ငန်းစတင်ဆောင်ရွက်ရန် မြေသြဇာကောင်းမွန်သည့်တိုင်းပြည်ဖြစ်လာခဲ့သည်။

တရုတ်နိုင်ငံစီးပွားရေးသည် အလားအလာကောင်းမွန်လျက်ရှိသောကြောင့် ခိုင်မာအားကောင်းလျက်ရှိပြီး ၎င်း၏စီးပွားရေးပမာဏသည် အတက်၊ အကျရှိနေသောစီးပွားရေးအခြေအနေများကို ကျော်လွှားနိုင်စွမ်းရှိနေပြီဖြစ်သည်။ တရုတ်နိုင်ငံသည် စီးပွားရေးလုပ်ငန်းတွင် အခက်အခဲနှင့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အခိုင်အမာယုံကြည်ထားရှိပြီး စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်လင့်မထားသည့်အပြောင်းအလဲများကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိနေပြီဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

❖ တရုတ်နိုင်ငံသည် လွန်ခဲ့သောဆယ်စုနှစ်အတွင်း သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင်လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ထားပြီးဖြစ်သည်။ တရုတ်နိုင်ငံသည် လွန်ခဲ့သောဆယ်စုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာ ဆန်းသစ်တီထွင်မှုအညွှန်းကိန်းတွင် အဆင့် ၃၄ သာရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် အဆင့် ၁၂ ထိ ရောက်ရှိလာခဲ့သည့်အတွက် စဉ်ဆက်မပြတ်နှင့် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာသည့်ကမ္ဘာတစ်ဝန်းတွင် တစ်ခုတည်းသောနိုင်ငံဖြစ်လာခဲ့သည်။ ❖

**ကိုးကား**

**Drivers of Modernization by Beijing Review.**

# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ကျွန်းသားဖြင့်ထုလုပ်ထားသည့် ပန်းပုကားချပ်များ ဝင်ရောက်လာ





**ရန်ကုန် ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရ လက်ဆောင်ပစ္စည်းဈေးကွက်သို့ ကျွန်းသားဖြင့် ထုလုပ်ထားသည့် ပန်းပုကားချပ်များ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေးဂျင်း ဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါပန်းပုကားချပ်များသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူး မြို့နယ်ရှိ ဒါးပိန်ပန်းပုကျေးရွာမှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရ လက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ဈေးကွက်အတွင်း ပန်းပုကားချပ်ပုံစံစုံ ၅၀ ခန့် ဝင်ရောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

"အခုလဆန်းပိုင်းမှာ ဈေးကွက်ထဲဝင်လာတဲ့ ပန်းပုကားချပ်တွေကတော့ ဒီဇိုင်းငါးမျိုးလောက် ဝင်လာပါတယ်။ ပုဂံသူ၊ တော်ဝင်နှင်းဆီ၊ ကြာရေအိုင်၊ ဥဒေါင်းမင်း၊ ခြူးပန်းခြူးနွယ်တွေ ဖြစ်ပါတယ်။ ဒီဇိုင်းတစ်မျိုးချင်း ဝယ်ယူလို့ရသလို ဒီဇိုင်းငါးမျိုး တစ်စုံကိုလဲ အထူးနှုန်းနဲ့ ရောင်းချပေးမှာပါ။ ရုံးခန်း၊ ဟိုတယ်နဲ့ နေအိမ်ဧည့်ခန်းတွေမှာ အလှထားဖို့ ရည်ရွယ်ထုလုပ်ထားတာဖြစ်ပါတယ်"ဟု မန်နေးဂျင်း ဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါ ကျွန်းသားဖြင့် ထုလုပ်ထားသော အမြင့် ၁၄ လက်မ အရွယ်အစားရှိ ပန်းပုကားချပ် တစ်ချပ်လျှင် ငွေကျပ် ၉၅၀၀၀ ခန့်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ဒီဇိုင်းငါးမျိုးကို တစ်စုံလျှင် ငွေကျပ် ၄၅၀၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ASH

# Alien ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံး

**နယူးယောက် ဇူလိုင် ၅**

နဝမမြောက် Alien ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၄ ရက်တွင် ရေးသား တင်ပြထားသည်။

တရားဝင်ဇာတ်ကား နာမည် မပေးရသေးသော အဆိုပါ Alien ဇာတ်ကားကို ဒါရိုက်တာ ဖီဒီအဲဗား ရက်က ၂၀ ရာစု မြေခွေးရုပ်ရှင် ကုမ္ပဏီအတွက် ရိုက်ကူးပေးခဲ့ခြင်း ဖြစ်ပြီး ၂၀ ရာစု မြေခွေးရုပ်ရှင် ကုမ္ပဏီသည် Alien ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းကို ယခုနှစ် မတ်လအတွင်း ဘူလ်ဂေးရီးယားနိုင်ငံ ဘူဒါပက်မြို့၌ စတင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Alien ဇာတ်ကားတွင် မင်းသား ဒေးဗစ်ဂျွန်ဆင်၊ စပိုက်ဖန်နှင့် မင်းသမီး ကိုင်လီစပေနီ၊ အစ္စဘဲလားမားဆက်တို့ ပါဝင် သရုပ်ဆောင်ထားသည်။

Alien ဇာတ်ကားကို ၂၀၂၄ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ရုံတင်ပြသရန် ၂၀ ရာစု မြေခွေး ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားသည်။

Alien ဇာတ်ကားများအနက် မူလ Alien ဇာတ်ကားကို ဒါရိုက်တာ ဆာရစ်ဒလေစကော့က ရိုက်ကူးခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် ရုံတင် ပြသခဲ့ကြောင်း သိရသည်။ KKO



# အဆိုတော် နီနီခင်ဇော်၏ မိုးညများ တေးအယ်လ်ဘမ် ဇူလိုင်လအတွင်း ထွက်ရှိမည်

**ရန်ကုန် ဇူလိုင် ၅**

အဆိုတော် နီနီခင်ဇော်၏ မိုးညများ အမည်ရှိ တေးအယ်လ်ဘမ် ဇူလိုင်လအတွင်း ထွက်ရှိမည်ဖြစ်ကြောင်း ၎င်းကပြောပြ၍ သိရသည်။

အဆိုတော် နီနီခင်ဇော်၏ မိုးညများ တေးအယ်လ်ဘမ်တွင် ကိုယ်တိုင်ရေး သီချင်းသစ်များ ပါရှိမည်ဖြစ်ပြီး မိုးညများ တေးအယ်လ်ဘမ်မှ တေးသီချင်းတချို့ကို Channel k ရုပ်သံလိုင်းမှ ထုတ်လွှင့်တင်ဆက်မည့် Rhythm of the Rain တေးသီချင်းအစီအစဉ်တွင် ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၁၉ ခုနှစ်လောက်က လုပ်ထားတဲ့ သီချင်းတွေရှိတယ်။ အရင်က လုပ်ထားတဲ့ သီချင်းအဟောင်းတွေကို နီနီရဲ့ You Tube Channel ကနေ တင်ပေးဖြစ်ပါတယ်။ အခု မိုးရာသီအတွက် နီနီတို့ Fan တွေနဲ့ မတွေ့ရတာကြာပြီ




မို့တွေ့ပြီး Program လေး ရိုက်ပေးထားပါတယ်။ နက်ဖြန်ဆိုတာ မသေချာတဲ့အချိန်မှာ မေတ္တာတွေ အပြည့်ပေးမယ်။ အကောင်းဆုံးသီဆို ပြမယ်ဆိုတာပဲ တွေးပါတယ်။ မိုးညများကိုလဲ မိုးနဲ့ပတ်သက်တဲ့ ခံစားချက်တွေကို နီနီထည့်ရေးထားတယ်။ မိုးတွင်းရောက်ရင် သီချင်းအေးအေးလေးပဲ နားထောင်ချင်ကြလို့ Rhythm of the Rain ပရိသတ်အတွက်လုပ်ထားပါတယ်။ နီနီကိုယ်တိုင် ရေးထားတဲ့သီချင်းလေးကိုလဲ ပရိသတ်ကို ချပြအုံးမှာပါ"ဟု အဆိုတော် နီနီခင်ဇော်က ပြောပြသည်။

Rhythm of the Rain တေးသီချင်းအစီအစဉ်ကို Channel K ရုပ်သံလိုင်းမှ ဇူလိုင်လအတွင်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း၊ အဆိုပါတေးသီချင်းအစီအစဉ်ပထမပိုင်းကို ဇွန် ၂၅ ရက်က ပထမအကြိမ် တင်ဆက်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ ASH

# The Chronicles of Narnia ကို ဒါရိုက်တာ ဂရီတာဂျားဝစ် ရိုက်ကူးပေးဖွယ်ရှိ

**နယူးယောက် ဇူလိုင် ၅**

The Chronicles of Narnia ဇာတ်ကားကို အခြေခံမည့် ရုပ်ရှင်ဇာတ်ကားသစ် တစ်ကားကို အမျိုးသမီး ဒါရိုက်တာ ဂရီတာဂျားဝစ်က Netflix ကုမ္ပဏီအတွက် ရိုက်ကူးပေးဖွယ်ရှိကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၄ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိတွင် The Chronicles of Narnia ဇာတ်ကားကို ရိုက်ကူးရေးအတွက် Netflix နှင့် အမျိုးသမီး ဒါရိုက်တာ ဂရီတာဂျားဝစ်တို့ ဆွေးနွေးနေကြောင်း၊ အပြီးသတ်သဘောတူညီချက်ရရှိခဲ့ပါက အမျိုးသမီး ဒါရိုက်တာ ဂရီတာဂျားဝစ်သည် အဆိုပါဇာတ်ကားကို Netflix အတွက် ရိုက်ကူးပေးရမည်ဖြစ်ကြောင်း သိရသည်။

The Chronicles of Narnia ဇာတ်ကားများအနက် ပထမဆုံး ဇာတ်ကားနှစ်ကားကို ဒစ္စနီးရုပ်ရှင် ကုမ္ပဏီက ရိုက်ကူးထုတ်လုပ်ခဲ့ပြီး တတိယမြောက်ဇာတ်ကားကို ၂၀ ရာစု မြေခွေးရုပ်ရှင်ကုမ္ပဏီက ရိုက်ကူးထုတ်လုပ်ခဲ့သည်။

Netflix ကုမ္ပဏီသည် The Chronicles of Narnia ဇာတ်ကားသစ်များကို စာရေးဆရာ စီအက်လူးဝစ်၏ ခေါင်းစဉ်တူ ဝတ္ထုများကိုပင် အခြေခံရိုက်ကူးဖွယ်ရှိကြောင်း သိရသည်။ KKO




# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အစည်းအရုံးဝင်ရုပ်ရှင်လောကသားများ၏ သားသမီးများကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပံ့ပိုးပေးအပ်ပွဲ ပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၅**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အစည်းအရုံးဝင် ရုပ်ရှင်လောကသားများ၏ သားသမီးများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပံ့ပိုးပေးအပ်ပွဲကို ဇူလိုင် ၇ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

အဆိုပါ ရုပ်ရှင်လောကသားများ၏ သားသမီးများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပံ့ပိုးပေးအပ်ပွဲကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ဇူလိုင် ၇ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူဦးရေ ၂၀၀ ခန့်ကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီအစီအစဉ်ကတော့ ဟိုအရင်ကတည်းကရှိခဲ့တဲ့ အစဉ်အလာဖြစ်ပါတယ်။ ဒီနှစ်မှာလဲ အရင်အစဉ်အလာအတိုင်းပဲ ကျောင်းနေအရွယ် ကလေးတွေရှိနေတဲ့ ရုပ်ရှင်လောကသား ကျောင်းသားမိဘတွေကို ကူညီပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ အစည်းအရုံးနဲ့အတူ အလှူရှင်၊ စေတနာရှင်တွေ ပူးပေါင်းပါဝင်မှုနဲ့ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင် စတာတွေကို စုံစုံလင်လင်ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသားများအနက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ ပံ့ပိုးမှုလိုအပ်သူအားလုံးကို ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရုပ်ရှင်အစည်းအရုံးအလှူအသီးသီးမှ လောကသားအားလုံး လျှောက်ထားနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ပြီးခဲ့သည့်ဧပြီလအတွင်းကလည်း ရုပ်ရှင်အစည်းအရုံးအလှူအသီးသီးမှ ရုပ်ရှင်လောကသားများကို ဆန်၊ ဆီ အပါအဝင် စားသောက်ကုန်နှင့် လူသုံးကုန်များကို ပံ့ပိုးပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing holds discussions with Prime Minister His Highness Sheikh Ahmad Nawaf Al-Ahmad Al-Sabah of Kuwait on phone



Kuwaiti Prime Minister His Highness Sheikh Ahmad Nawaf Al-Ahmad Al-Sabah

**Nay Pyi Taw July 5**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing held discussions with Prime Minister His Highness Sheikh Ahmad Nawaf Al-Ahmad Al-Sabah of Kuwait on the phone at 12.30 pm today.

They held cordial discussions on bilateral friendship, cooperation and promotion of relations. 100



State Administration Council Chairman Prime Minster Senior General Min Aung Hlaing

# MAI to extend Yangon-Singapore-Yangon fights

**Yangon July 5**

Myanmar Airways International-MAI scheduled to extend its flights on Yangon-Singapore-Yangon route, according to its press release.

Such flight will be launched on 16 July. Currently, MAI operates Yangon-Singapore-Yangon flights on Tuesday, Thursdays and Saturdays. As from 29 May 2023, the airlines extended its flights to Singapore on Monday and Wednesday every week.

Starting from 16 July his year, MAI will extend its flight to Singapore. In this regard, flights will be launched in the morning and in the afternoon two times a day.

The morning flight will leave Yangon at 8.20 am and arrive in Singapore at 12.50 pm local standard time. It will depart from Singapore at 1.50 pm local standard time and arrive back in Yangon at 3.20 pm.

In the afternoon, the flight will take off from Yangon at 3.15 pm and land at Singapore airport at 7.45 pm local standard time. It will return from Singapore at 68.45 pm local standard time and arrive back in Yangon at 10.15 pm.

MAI operates international flights to Bangkok, Kuala Lumpur, Pukhet, Ho Chi Minh, Kolkata, Phnom Penh, Singapore, Delhi, Guangzhou, Chiang Mai, Seoul and Dubai. Soon, the airlines will extend more flight to Kuala Lumpur of Malaysia. 336

# Arrivals of travellers leading to Ayekyun Village on the rise

**Mandalay July 5**

Number of travellers at home and abroad is on the increase leading to Ayekyun Village where community-based tourism site is being operated, said U Maung Maung Lay, leader of Irrawaddy dolphin conservation body.

Currently, travellers are focusing on CBT villages including Ayekyun Village of Madaya Township in Mandalay Region. The village operates weaving, pottery, bamboo hats, cheroot and slipper industries to attract travellers. Moreover, travellers are interested in objects decorated with Myanmar crafts.

"Travellers watch habitation of Irrawaddy dolphins in Ayekyun Village of Madaya Township in Ayeyawady Region," said the leader.

Arrivals of local and foreign travellers to Ayekyun Village in Madaya Township hit more than 20 travellers per day in the last week of June, compared to more than 150 travellers per day as from 1 July.

"Community-based tourism is being implemented in Hsinkyun, Ayekyun, Myaysun and Seinpangon villages of Madaya Township, Myitkangyi and Hsethe villages in Singu Township of Mandalay Region and Ywathit, Tagaung and Seinmakar villages in Wetlet Township of Sagaing Region. 184



Local and foreign tourists seen in Ayekyun Village.

# Plans underway to electrify Hkamti round the clock in 2023-24 FY

**Hkamti July 5**

Arrangements are being made to electrify Hkamti of Sagaing Region round the clock in 2023-24 financial year, according to the Electricity Supply Enterprise on 28 June.

As Hkamti is staying away from the national grid, a plan will be implemented to generate 1MW solar power from the solar power plant.

Open tender will be invited to businesspersons. So, tender proposals can be purchased at the engineer office of Sagaing Region in Yongyi Ward of Monywa as from 26 June to 20 July.

These proposals must be submitted to the aforesaid department not later than 21 July. For further information, dial 071-22817 and 09-259070223.

Hkamti District is formed with 11 towns and 675 villages. Efforts are being made to electrify these towns and villages. Upon completion of electricity project implemented in the 2022-23 budget, small-scale hydropower project will electricity three towns and diesel generators eight towns.

Moreover, small hydropower projects will supply electricity to five villages and solar system 242 villages as well as diesel engines 168 villages in the district.

Upon completion of these projects, there remain 260 villages to be electrified in the district. 336



The welcoming signboard of Hkamti.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers address at coordination meeting of Leading Committee for Organizing Waso Robe-Offering Ceremony for 2023 of SAC



Vice-Senior General Soe Win addresses the coordination meeting.

**Nay Pyi Taw July 5**

The Leading Committee for Organizing Waso Robe-Offering Ceremony for 2023 of the State Administration Council of the Republic of the Union of Myanmar held a coordination meeting at the Ministry of Religious Affairs and Culture in Nay Pyi Taw at 2 pm today, with an address by Patron of the Leading Committee SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win.

The meeting was also attended by Union Minister for Religious Affairs and Culture U Ko Ko, the chairman of Nay Pyi Taw Council, deputy ministers, members of the leading committee, work committee and subcommittees and officials.

The meeting was opened with three-time recitation of Namo Tassa.

Speaking on the occasion, the Vice-Senior General said that emergence of the offering Waso robes was an step by step changing event of allowing three sets of robes for monks by the Lord Buddha.

The Lord Buddha established the Sangha society with Ariya Sangha only at first but allowed members of the Sangha to ware three sets of robes in early period of the Buddhism.

At that time, the Lord Buddha allowed it in the rainy season for members of the Sangha to join the Buddhist Lent. Hence, the Lord Buddha restricted that members of the Sangha had not to launch trips for a night leaving from their monasteries, and if not, they had to take a leave for the Buddhist Lent.

Whenever monks faced the issues to go out to urban and rural areas and to a long journey outside the monasteries in the rainy season, the Lord Buddha had not allowed the issue for keeping extra robes for the monks to ware dried robes instead of wet robes on their trips if they were wet in rains in addition to use the robes in taking a bath in rainy season at that time. As Pobbayon Monastery of Savutti State well-wisher Visakha who knew difficulties of monks for robes used in rainy season requested the Lord Buddha to allow donation for the monks used in rainy season. So, the Lord Buddha adopted two restrictions on use and accepting the monks to be used in rainy season and limited the period and measures of using the robes.

Although well-wishers donated robes to be used in rainy season for taking a bath, it was renamed as Waso robes as these are donated to members of the Sangha during the Buddhist Lent of the rainy season. The Waso robe offering ceremony has been traditional among Myanmar Buddhist people as one of the twelve season festivals. As such, the robes can be donated nobly to monks in line with the Viyaka of the Buddhism.

As donations of Waso roves aim not to cause tiredness for members of the Sangha during the Buddhist Lent because robe is involved in four kinds of donations: alms, robe, monastery and medicine, those having chance to donate Waso robes would have significant advantages in possessing beautiful colour of skin, fine body structure, high prestige and clothes. All Buddhists can donate Waso robe and Waso flowers annually as a timely donations. Hence, treatises mention that those well-wishers can have high prestige and escape from four kinds of hell.

The government donates Waso robe to venerable long-lasting Buddhist monks annually. It means preservation of fine traditions by offering Waso robes in line with the restrictions of the Lord Buddha during the Buddhist Lent, offering alms and healthcare services to members of the Sangha. As it is an issue for making efforts in the set periods, such an act aims to perform regularly meritorious deeds.

The State Administration Council of the Republic of the Union of Myanmar will usher members of the Sangha led by the Secretary of the State Sangha Maha Nayaka Committee, members of the State Central Working Committee of the Sangha, Sangha Nayaka Committee of Nay Pyi Taw Council, Ovadacariya Sayadaws of Uppatasanti Pagoda and chairmen of township Sangha Nayaka Committee into the Waso robe offering ceremony for 2023.

It is urged that the Sayadaws of State Sangha Maha Nayaka Committee will be transported by flight from Yangon to Nay Pyi Taw and that special attention is to be given to ensure smooth arrangements on security and transport for the Sayadaws between the airport and the Sangha Yama monastery building.

It is necessary to make arrangements for the Sayadaws to conveniently and comfortably stay at the Sangha Yama monastery building and systematically assign lay attendants to them.

It is specially to instruct that it is necessary to take security measures on comings and goings of the visitors who will pay respects to the Sayadaws as well as to be systematic in comings and goings of the visitors in accordance with the set restrictions on COVID-19 prevention and control.

To be able to successfully hold the Waso Robe Offering Ceremony for 2023, the State Administration Council has formed the Leading Committee to Hold Waso Robe Offering Ceremony and the Working Committee issuing the Order No. 110/2023 dated June 21, 2023. The Ministry of Religious Affairs and Culture has formed 11 sub-committees to systematically assign duties on ceremonial measures too.

Therefore, it is necessary to thoroughly coordinate on the assigned duties on a sub-committee basis without any negligence.

Before and on the day to hold the ceremony, the sub-committees and the health sub-committee are to work together in order that meals to be offered to the Sayadaws will be clean, fresh and healthy.

At the ceremony, preparedness on audio equipment must be made for the Sayadaw who will lead the recitation of precepts and give the sermon of Buddha on opportunity of meritorious deeds. Most importantly, special attention must be given to security measures on all sides. In holding a State-level ceremony, weaknesses experienced are to be fixed and strengths are to be maintained.

As the Waso Robe Offering Ceremony is annually held, members of the committees concerned and departments concerned have already had relevant work experience. But, systematic cooperation between sub-committees concerned must be made in taking the measures.

Sub-committees concerned are to make systematic arrangements to be able to successfully hold the 2023 Waso Robe Offering Ceremony of the State Administration Council of the Republic of the Union of Myanmar and to ensure that the Sayadaws will be able to comfortably and conveniently attend the ceremony. The Working Committee and the sub-committees are to present and discuss their preparedness on the ceremony at today's meeting.

Afterwards, Chairman of the Leading Committee Minister for Religious Affairs and Culture U Ko Ko submitted the arrangements on holding the ceremony and Deputy Minister Daw Nu Mya Zan on schedules to be taken to successfully hold the ceremony.

Then, officials of the sub-committees respectively presented measures being taken on a sector-wise basis.

The Deputy Prime Minister made coordination on the reports and gave concluding remarks. 100

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်က ယူကရိန်းသို့ ATACMS ဒုံးကျည်များပေးပို့နိုင်ခြေမြင့်မားဟု အထက်လွှတ်တော်အမတ်ပြော



အမေရိကန် တာဝေးပစ်မဟာဗျူဟာ မြောက်ဒုံးကျည်စနစ် (ATACMS) ကို ယူကရိန်းနိုင်ငံသို့ ပေးပို့နိုင်ခြေမြင့်မားဖွယ် ရှိသည်ဟု အမေရိကန်အထက်လွှတ်တော် အမတ်တစ်ဦးက ပြောကြားခဲ့ကြောင်း ဇွန် ၃၀ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

အဆိုပါဒုံးကျည်လက်နက်သည် မိုင် ၂၀၀ (၃၂၁ ကီလိုမီတာ) အကွာအဝေးရှိ ပစ်မှတ်များကို ပစ်ခတ်နိုင်ပြီး ယူကရိန်း စစ်ဘက်က ကာလရှည်ကြာစွာတောင်းဆို နေခဲ့သည့် လက်နက်စနစ်များလည်းဖြစ် သည်။ အိုင်ဒါဟိုပြည်နယ်မှ ရီပတ်ဘလစ် ကန်လွှတ်တော်အမတ် James E. Risch က အမေရိကန်လွှတ်တော်အမတ်အများ အပြားသည် ယူကရိန်းကို လိုအပ်သည့် လက်နက်များ ပံ့ပိုးပေးရန် ဘိုင်ဒင်အစိုးရ အား ဆက်လက်ဖိအားပေးနေကြောင်း Voice of America သတင်းဌာနသို့ ပြောကြားခဲ့သည်။

အမေရိကန်ထုတ် ATACMS ဒုံးကျည် များသည် ယူကရိန်းကိုခုခံကာကွယ်ရန် ထိရောက်သောလက်နက်ဖြစ်ကြောင်း ၎င်း အနေဖြင့် ယုံကြည်နေသည်။

"ပေးပို့နိုင်ဖို့ဖြစ်နိုင်ခြေက တော် တော်များတယ်လို့ ထင်ပါတယ်။ ချူကလီး ယားမဟုတ်သရွေ့ ယူကရိန်းကို အရာ အားလုံးပေးလိမ့်မယ်လို့ အစကတည်းက ပြောခဲ့ပါတယ်။ F-16 တိုက်လေယာဉ် တွေ ဒါမှမဟုတ် ATACMS ဒုံးကျည်တွေ ပဲဖြစ်ဖြစ်၊ ငါတို့မှာရှိနေတဲ့၊ ငါတို့မှာရှိသမျှ အခြားလက်နက်တွေကိုဖြစ်ဖြစ် ယူကရိန်း ပြည်သူတွေဆီ ပေးသင့်ပါတယ်"ဟု James E. Rischက ပြောကြားသည်။

ရုရှားနိုင်ငံပိုင်နက်အတွင်း အသုံးပြု မည်ကိုစိုးရိမ်သောကြောင့် အမေရိကန် သည် ယူကရိန်းသို့ တာဝေးပစ်လက်နက် များ ပေးပို့ဦးမည်မဟုတ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ယခင်က ပြောကြားခဲ့သည်။ ကွန်ဂရက်ကမူဝါဒကို ပြောင်းလဲမည်ဟု သတင်းများထွက်ပေါ်နေချိန်တွင် အမေ ရိကန်ကာကွယ်ရေးဌာနက ယူကရိန်းအား ATACMS ဒုံးကျည်များပံ့ပိုးပေးမည် မည်သည့်ဆုံးဖြတ်ချက်ကိုမျှ ချမှတ်ရခြင်း မျိုးတော့မရှိသေးကြောင်း ရှင်းလင်းပြော ကြားခဲ့သည်။

အမေရိကန်အစိုးရသည် ATACMS ဒုံးကျည်များကို ယူကရိန်းထံပေးပို့သွားရန် နီးစပ်နေပြီဟု ဇွန် ၂၉ ရက်ထုတ် Wall Street Journal သတင်းစာတွင် ဖော်ပြခဲ့သည်။

**Possibility of US Sending ATACMS Missiles to Ukraine 'High': Senator ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးနိုင်ငံ IAI က NATO အဖွဲ့ဝင်နိုင်ငံ သုံးနိုင်ငံသို့ Kamikaze ဒရုန်းများ ထောက်ပံ့ရန်စာချုပ်ချုပ်ဆို

အစ္စရေးနိုင်ငံလေကြောင်းနှင့် အာကာ သစက်မှုလုပ်ငန်း (IAI) သည် NATO အဖွဲ့ဝင်နိုင်ငံသုံးနိုင်ငံသို့ Kamikaze ဒရုန်းများ ထောက်ပံ့ရန် စာချုပ်ချုပ်ဆိုခဲ့ သည်ဟု www.thedefensepost.com သတင်းဌာနက ဇူလိုင် ၃ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

ဒေါ်လာသန်းပေါင်းများစွာတန်သော အဆိုပါသဘောတူစာချုပ်သည် မေလ အတွင်း အက်စ်စတိုးနီးယားနိုင်ငံနှင့် အလားတူ တိုက်ခိုက်ရေးဒရုန်းများ ရောင်း ချခဲ့ခြင်းအပြီး နောက်ဆက်တွဲထွက်ပေါ် လာခဲ့ခြင်းလည်းဖြစ်သည်။ အရေအတွက် နှင့် စာချုပ်တန်ဖိုးကျသင့်ငွေပမာဏ ကို ထုတ်ဖော်ပြောကြားထားခြင်းမရှိပေ။ ဒေါင်လိုက်အတက်အဆင်း ပျံသန်းနိုင်စွမ်း ရှိသော နည်းဗျူဟာမြောက်လျှို့ဝှက်တိုက် ခိုက်ရေးဒရုန်းသည် Harpy၊ Harop နှင့် Mini-Harpy အပါအဝင် IAI ၏ Kamikaze တိုက်ခိုက်ရေးဒရုန်းအမျိုးအစား အုပ်စုဝင်လည်းဖြစ်သည်။ ၎င်းကို ၂၀၁၉ ခုနှစ်ကတည်းက စစ်မြေပြင်တွင် တိုက်ပွဲ ဝင်နိုင်စွမ်းကို သက်သေပြနိုင်ခဲ့ကြောင်း သိရသည်။

အလေးချိန် ခြောက်ကီလိုဂရမ် ၁၃ ပေါင်ရှိသော တိုက်ခိုက်ရေးဒရုန်းသည် အကွာအဝေး ၁၀ ကီလိုမီတာ (၆ ဒသမ ၂၁) မိုင်ထိ လေထဲတွင် မိနစ် ၃၀ ကြာပျံသန်း စစ်ဆင်နိုင်မှုသည် မြို့ပြတိုက်ပွဲအပါအဝင် အနီးကပ်တိုက်ပွဲများအတွက် ရွေးချယ်စရာ အကောင်းဆုံးလက်နက်တစ်ခု ဖြစ်လာခဲ့ သည်။ အော်ပရေတာမှ ထိန်းကျောင်း လုပ်ဆောင်နိုင်သော အဆိုပါတိုက်ခိုက်ရေး ဒရုန်းကို ISR အာရုံခံကိရိယာများ တပ်ဆင်၍ထောက်လှမ်းရေး၊ စောင့်ကြည့် ထောက်လှမ်းရေးနှင့် ကင်းထောက်ရေး မစ်ရှင်များအတွက်လည်း ပြင်ဆင် သတ်မှတ်ပေးနိုင်ပြီး ၎င်း၏ပျံသန်းမှု ကြာချိန်ကို ၁၅ မိနစ်ထိတိုးမြှင့်နိုင်သည်။ တိုက်ခိုက်ရေးဒရုန်း၏ နေ့ရောညပါ အီလက်ထရွန်နစ်အလင်းအာရုံခံကိရိယာ များသည် အခြေအနေအရပ်ရပ်ကို ထောက် လှမ်းကြည့်ရှုနိုင်မည်ဖြစ်သည်။ ထို့ပြင် လေထဲတွင် ၉ နာရီကြာပျံဝဲ၍ ပစ်မှတ်ကို စိစစ်ခွဲခြားဖော်ထုတ်နိုင်ရန် စောင့်ဆိုင်း နိုင်စေမည်ဖြစ်သည်။



Kamikaze တွင် သမားရိုးကျ တိုက်ခိုက်ရေးဒရုန်းများနှင့်မတူဘဲ လက် နက်များ ဖြုတ်သိမ်းခြင်းဖြစ်စေ၊ အသစ် ပြန်လည်တပ်ဆင်ခြင်းဖြစ်စေ ပြုလုပ် ဆောင်ရွက်၍ မစ်ရှင်အသစ်အတွက် ပြန်လည်တာဝန်ထမ်းဆောင် ပျံသန်းရန် အမိန့်ပေးထိန်းကျောင်းနိုင်သည်။

"ပေါ့ပါး၊ ကျစ်လျစ်သိပ်သည်းပြီး ဈေး သက်သာတဲ့ Rotem ကို မြို့ပြစစ်ဆင်ရေး ပတ်ဝန်းကျင်မှာ အသုံးပြုနိုင်ဖို့ အထူး ဒီဇိုင်းထုတ်ထားပြီး တိုက်ပွဲဝင်အသင့် စမ်းသပ်သက်သေပြနိုင်ခဲ့ပြီးပါပြီ"ဟု IAI က ပြောကြားခဲ့သည်။

**IAI to Supply Kamikaze Drones to Three NATO Countries ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းနှင့် ဆလိုဗက်ကီးယားတို့ Howitzer အမြောက်အသစ် ပူးတွဲတီထွင်ထုတ်လုပ်မည်

ယူကရိန်းနှင့် ဆလိုဗက်ကီးယားနိုင်ငံ တို့သည် Slovak Eva အမြောက်စနစ်ကို အခြေခံ၍ 155 mm self-propelled Howitzer အမြောက်စနစ်အသစ်ကို ပူးတွဲတီထွင်ရန် သဘောတူညီချက်တစ်ရပ် ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဇူလိုင် ၃ ရက် www.thedefensepost.com တွင် ရေးသားဖော်ပြထားသောသတင်းများအရ သိရသည်။

Eva အမြောက်စနစ်သည် ဆလိုဗက် ပြည်နယ်ကုမ္ပဏီ Konstrukta Defence က ထုတ်လုပ်ထားသည့်ထရပ်ကားတွင် တပ်ဆင်ထားသော အမြောက်စနစ်ဖြစ် သည်။ ယခုထုတ်လုပ်မည့် ဟောင်ဝစ်ဇာ အမြောက်စနစ် အသစ်တွင် နှစ်နိုင်ငံစလုံးမှ နည်းပညာဆိုင်ရာသွင်းအားစုများ ပေါင်း စပ်တီထွင် ထုတ်လုပ်သွားမည်ဖြစ်ပြီး ယူကရိန်းနိုင်ငံ၏ လက်ရှိလိုအပ်ချက် များနှင့် လိုက်လျောညီထွေဖြစ်စေမည် ဖြစ်ကြောင်း ဆလိုဗက်ကီးယားနိုင်ငံ Dennik K သတင်းဌာနက ရေးသား ဖော်ပြခဲ့သည်။



ဆလိုဗက်ကီးယားနိုင်ငံ Konstrukta Defense နှင့် ယူကရိန်းနိုင်ငံ Kramatorsk Heavy Machine Tool Plant ကုမ္ပဏီတို့သည် တစ်နှစ်အတွင်း ရှေ့ပြေး နမူနာပုံစံကို တီထွင်ထုပ်လုပ်နိုင်ရန် ပူးပေါင်းလုပ်ဆောင်သွားမည်ဟု ပြောကြား ထားသည်။ နှစ်နိုင်ငံကုမ္ပဏီများအနေဖြင့် ဟောင်ဝစ်ဇာအမြောက်စနစ်များအပါအဝင် လက်နက်စနစ်အမျိုးမျိုးကို ပူးတွဲတည် ဆောက်ထုတ်လုပ်နိုင်ရန်အတွက် မကြာ သေးမီက နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသေးသည်။ Konstrukta Defence အနေဖြင့် မော်တာ များ၊ ခဲယမ်းများ၊ Bogdan စီမံကိန်း အဆင့်မြှင့်တင်မှုများပြုလုပ်ခြင်းနှင့် ၁၅၅ မီလီမီတာ ဟောင်ဝစ်ဇာအမြောက်စနစ် အသစ်များဖွံ့ဖြိုးတိုးတက်ရေး စသည့် စီမံကိန်းများ ဖော်ဆောင်လျက်ရှိရာ ယုံကြည်စိတ်ချရသောမိတ်ဖက်တစ်ဦးကို တွေ့ရှိရခြင်းလည်းဖြစ်ကြောင်း Kramatorsk ဒါရိုက်တာ Vitaliy Zagudaev ၏ပြောကြားချက်ကိုကိုးကား၍ Dennik K သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ရုရှားတို့၏ အထူးစစ်ဆင်ရေးစတင်မှု အပြီး ယူကရိန်းနိုင်ငံသို့ Slovak Zuzana 2 ဟောင်ဝစ်ဇာအမြောက်များပေးပို့ရာ တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်စဉ်တွင် ဟောင်ဝစ်ဇာအမြောက်အသစ်ကို တီထွင် ရန်စိတ်ကူးကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Dennik K သတင်းစာအဆို အရ Zuzana Howitzer အမြောက်စနစ် သစ်တွင် ပူးပေါင်းဆောင်ရွက်မှုအပေါ် ယူကရိန်းဘက်က ကျေနပ်အားရစွာဖြင့် အတူတကွတီထွင်ရန်စိတ်ကူးကို လက်ခံ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ပူးပေါင်းဆောင်ရွက်ရန် သဘော တူညီခဲ့သော်လည်း စက်တင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများ အပြီး ဆလိုဗက်ကီးယားနိုင်ငံတွင် အစိုးရအပြောင်းအလဲဖြစ်နိုင်ခြေရှိကာ စီမံ ကိန်းအပေါ် အနှောင့်အယှက်ဖြစ်နိုင် သည်ဟု သတင်းဌာနက သတိပေး ရေးသားထားသည်။

**Ukraine and Slovakia to Jointly Develop New Howitzer: Report ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကလေးခရိုင်အတွင်း မိုးစပါး ၁၁၃၈၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၁၃၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်အတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၇၈၅၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးစပါး ၁၁၃၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးခရိုင် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါးဧက ၁၇၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိ မိုးစပါးဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ မိုးစပါးသီးနှံဧက လျာထားချက်ပြည့်မီအောင် စိုက်နိုင်ဖို့ ဆောင်ရွက်သွားမယ်။ မိုးစပါး စိုက်ပျိုးရာမှာလဲ အချိန်မီစိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့၊ ပိုးမွှားကျရောက်မှု မရှိအောင် ကာကွယ်ဖို့နည်းလမ်းတွေ ဆောင်ရွက်နေတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်အတွင်း မြို့နယ်အလိုက် မိုးစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၁၁၂၃၉ ဧက၊ မင်းကင်းမြို့နယ်တွင် ဧက ၁၅၀ စုစုပေါင်း ၁၁၃၈၉ ဧကဖြစ်ကြောင်း၊ လျာထားစိုက်ပျိုးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၁၂၈၅၅၂ ဧက၊ ကလေးဝမြို့နယ်တွင် ၁၆၆၈၈ ဧက၊ မင်းကင်းမြို့နယ်တွင် ဧက ၃၃၃၁၀ စုစုပေါင်းဧက ၁၇၈၅၅၀ ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးသည့် တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးခရိုင်အတွင်း ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးဧက ၁၇၈၅၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း ကလေးခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

(၂၀၆)

# တနိုင်းမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**တနိုင်း ဇူလိုင် ၅**

ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးက သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချပေးသော အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးချကာ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် တနိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့် တာဝန်ရှိသူများက သင်တန်းသူများကို သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းသို့ တနိုင်းမြို့နယ်အတွင်းရှိကျေးရွာများမှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် အခြေခံလက်ချုပ်၊ စက်ချုပ်၊ လုံချည်ချုပ်နည်း၊ ကြယ်သီးဖောက်နည်း၊ ကလေးဘောင်းဘီ၊ ကလေးအင်္ကျီ၊ အမျိုးသမီးဝတ်ရင်ဖုံးအင်္ကျီ စသည့်အခြေခံချုပ်နည်းအမျိုးမျိုးကို ကျွမ်းကျင်နည်းပြဆရာများက စာတွေ့၊ လက်တွေ့ဖြင့် ဇွန် ၆ ရက်မှ ယနေ့ထိ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ကွမ်းလုံမြို့နယ် ရှောက်မြင်ကျိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွမ်းလုံ ဇူလိုင် ၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှောက်မြင်ကျိုင်းကျေးရွာ၊ တာပန်ချောက်ကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးပေးခြင်းကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက ရှောက်မြင်ကျိုင်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းသိန်းမော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကိုရရှိစေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ရရှိလာသော မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် မိမိတို့ကျေးရွာအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ချေးငွေအတိုးနှုန်းသတ်မှတ်ချက်၊ ပြန်ဆပ်ရမည့် ကာလတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၃၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရှောက်မြင်ကျိုင်းကျေးရွာ၊ တာပန်ချောက်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ရှစ်သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၁၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၅-၇-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၅၀၀/၈၆၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၉၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၆၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပြင်ဦးလွင်မြို့နယ်ရှိ သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ပြင်ဦးလွင်မြို့နယ်ရှိ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဇယန်းသီလရှင်စာသင်တိုက်(သာသနာရက္ခိတသီလရှင်စာသင်တိုက်)၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ခုနစ်ပါး၊ သာသနာနွယ်ဝင် သီလရှင် ၉၄ ပါးနှင့် ဒေသခံပြည်သူ ၂၀ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် ရောဂါစမ်းသပ်စစ်ဆေးခြင်း၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် လိုအပ်သော သာသနာနွယ်ဝင် သီလရှင် ၈၇ ပါးတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## ဇူလိုင် ၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၁ ဦး တွေ့ရှိ

**နေပြည်တော် ဇူလိုင် ၅**

ဇူလိုင် ၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၆၂၂၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၁ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၆၁၃ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၅၀၈ ဦး |

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့်လှူဒါန်းနိုင်ရေး အသိပေးကြော်ငြာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများအသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့ လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**သဇင်(FM) အသံလွှင့်အစီအစဉ်**

၆-၇-၂၀၂၃ (ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၁ | Internet Pages |
| ၃။ | ၁၄း၃၀ | နှလုံးသားထဲက စာမျက်နှာများ |
| ၄။ | ၁၅း၃၅ | Music Quiz |
| ၅။ | ၂၀း၄၀ | လွမ်းသဝဏ်လွှာ |

## အကြံပေးပုဂ္ဂိုလ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၄၀/ ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

**အကြံပေးပုဂ္ဂိုလ် ခန့်အပ်တာဝန်ပေးခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒုတိယဗိုလ်ချုပ်ကြီးညိုစောအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်၍ ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်တာဝန်ပေးလိုက်သည်။

၂။ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၏ ခံစားခွင့်ဆိုင်ရာများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ဆောင်ရွက်ပေးရမည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြော်ငြာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြော်ငြာခဲ့ပါသည်။

၂။ ထိုသို့ ကြော်ငြာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြော်ငြာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြော်ငြာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြော်ငြာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက် နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇူလိုင် ၅**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် ဘူးသီးတောင်မြို့ရှိ ဦးဥတ္တမခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊ စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းအဆိုအကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ ဘူးသီးတောင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ထိုသို့ သီဆိုကပြဖျော်ဖြေသောစစ်သည်၊ စစ်သမီးများကို တာဝန်ရှိသူတို့က ဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ကပြသီဆိုဖျော်ဖြေစဉ်။**





**အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ခိုလမ်မြို့ရှိ တိုင်းစစ်ဌာနချုပ် ဘက်စုံပြစိုက်ပျိုးရေး၊ မွေးမြူရေးခြံ၌ ဝက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၅**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ခိုလမ်မြို့ရှိ တိုင်းစစ်ဌာနချုပ် ဘက်စုံပြစိုက်ပျိုးရေး၊ မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၅**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရေချမ်းပြင်ကျေးရွာ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့များက ပျားလည်ချောင်းကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ သာသနာ့ဗိမာန်ကျောင်း၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ တပ်မင်းချောင်းကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**



# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် ဇူလိုင် ၅**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း PDF အဖွဲ့ဝင်တစ်ဦးကို ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် ဇူလိုင် ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြန်လည်အလင်းဝင်လာသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများနှင့် အသိပညာပေးခြင်းများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြောက်ဥက္ကလာပမြို့နယ်၊ တာမွေမြို့နယ်၊ ရန်ကင်းမြို့နယ်၊ ကမာရွတ်မြို့နယ်၊ ဒလမြို့နယ်၊ သုံးခွမြို့နယ်တို့နှင့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကိုယ်စား ဖခင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အရာတော်မြို့နယ် ငွေတွင်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့ ဒေသခံပြည်သူ ၁၅ ဦးသေဆုံးပြီး သံဃာတော် သုံးပါးအပါအဝင် ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ


**နေပြည်တော် ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ငွေတွင်းကျေးရွာကို ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ဒေသခံပြည်သူ ၁၅ ဦးသေဆုံးပြီး သံဃာတော် သုံးပါးအပါအဝင် ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အရာတော်မြို့နယ်ငွေတွင်းကျေးရွာအတွင်းသို့ ယနေ့နံနက် ၄ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာ၏အရှေ့တောင်ဘက်မှ လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် ကျေးရွာအတွင်းရှိ ရိုးသားစွာ နေထိုင်လုပ်ကိုင်စားသောက်နေသည့် အပြစ်မဲ့ဒေသခံပြည်သူ ၁၅ ဦး ဗုံးစထိမှန်သေဆုံးခဲ့ပြီး သံဃာတော် သုံးပါးနှင့် အပြစ်မဲ့ပြည်သူ လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများခံယူနိုင်ရန်အတွက် မုံရွာမြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ရိုးသားစွာ နေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသည့် အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာ ကျေးရွာအတွင်းသို့ ယုတ်မာရက်စက်စွာ လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်ခဲ့သည့်အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

အရာတော်မြို့နယ် ငွေတွင်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့်လာရောက်ပစ်ခတ်သည့် နေရာပြပုံ။




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်နေ ကောင်းခန့်လွင်(ခ)ဖိုးကောင်းသည် ၎င်းအသုံးပြုသည့် “Kaung Khant Lwin” Facebook အကောင့်ဖြင့်အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# သဒ္ဓါဖြူဖွေး မလေ့သွေး ပေးလှူမကွာ တို့မြန်မာ

မင်းထွင့်ခေါင်(ရာမည)



**ရည်ရွယ်ချက်(၄)ရပ်နှင့်အညီ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုတည်ထားချိန်တွင် တစ်ဆက်တည်းဆိုသလို ဗုဒ္ဓဥယျာဉ်တော်အတွင်းတွင်လည်း အခြားသော ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များကိုပါတည်ဆောက်ခဲ့ပြီး ပိဋကတ်သုံးပုံကိုလည်း ပါဠိအက္ခရာ၊ Romanize Language ဖြင့် ကျောက်စာချပ်များ ရေးထိုးနိုင်ရေးကိုပါ ဆောင်ရွက်ခဲ့ကြပါသည်။**

မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့်မြန်မာလူမျိုးများသည် အလှူရေစက်လက်နဲ့မကွာဟု ဆိုသည့်အတိုင်း ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအတွက် အလေးထားဆောင်ရွက်ကြသူများဖြစ်သည်။ ထို့ပြင် ညောင်စေ့လောက်လှူ ညောင်ပင်လောက်ရ ဟူသည့် ဆိုထုံးကို စိတ်ဝယ်သွင်းကာ သဒ္ဓါတရားနည်းများမဆို ကုသိုလ်ပွားများကြသူများလည်းဖြစ်ကြ၏။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကပင် မြတ်စွာဘုရား၏ ကိုယ်ပွားရုပ်ပွားတော်ကို ကိုးကွယ်ခွင့်ပြုခဲ့သည့် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီများကို တည်ထားကိုးကွယ်ခဲ့ကြသည်။ ဘာသာရေးနှင့်သော်လည်းကောင်း၊ လူမှုရေးအတွက်သော်လည်းကောင်း အလှူအတန်းနှင့်ပတ်သက်လာပါက တွန့်ဆိုင်းနေသူများမဟုတ်ကြပါချေ။

ယခုဆိုလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ၇ ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာ တည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဇိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ထားပူဇော်ခဲ့သည်မှာ လုပ်ငန်းများမကြာမီပြီးစီးတော့မည်ဖြစ်ပါသည်။ ဌာပနာသွင်းလှူပူဇော်ခြင်း အခမ်းအနားများမှ ပြည်တွင်း ပြည်ပစေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုပမာဏများကို မြင်တွေ့ရချိန်တွင် ရင်ဝယ်တစိမ့်စိမ့်ပီတိများနှင့် သာဓုအနုမောဒနာခေါ်ဆိုခဲ့မိပါသည်။

၂၀၂၃ ခုနှစ် ဇွန်လ ၂၉ ရက်တွင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်လာတော့မည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသခြင်း အခမ်းအနားကျင်းပပြုလုပ်ခဲ့ပါတယ်။ **ထိုအခမ်းအနားတွင် သာသနာနုဂ္ဂဟအဖွဲ့ရပုဂ္ဂိုလ်များ၊ ပြည်တွင်းဘဏ်များနှင့် ကုမ္ပဏီကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေးအော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သမိုင်းအကျဉ်းဖြစ်စဉ်အား ရှင်းလင်းပြောကြားခဲ့ပါသည်။ ထိုသို့ရှင်းလင်းပြသခြင်းမှာ တက်ရောက်လာကြသော ထိုဓမ္မမိတ်ဆွေများသည် ဘာသာ၊ သာသနာအားဖြင့်သော်လည်းကောင်း၊ နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်သော်လည်းကောင်း တိုးတက်မှုရှိရန် ကျရာအခန်းကဏ္ဍများမှ ပါဝင်ထမ်းဆောင်နေကြသည့်လူပုဂ္ဂိုလ်များဖြစ်ကြသောကြောင့် ဖြစ်ပါသည်။**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရည်ရွယ်ချက် (၄) ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ ထိုရည်ရွယ်ချက်များမှ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်ဆိုသည်မှာ ပြည်သူ၊ ပြည်သားအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်ဖြစ်ပြီး စီးပွားလာဘ်လာဘများ တိုးတက်စေရမည်၊ ပျော်ပျော်ရွှင်ရွှင်ပညာသင်ကြားနိုင်ရမည်၊ ဗုဒ္ဓမြတ်စွာဘုရား၏ အေးမြသည့် အရိပ်အာဝါသအောက်တွင် အားလုံးအေးအေးချမ်းချမ်းဖြင့် သာယာပျော်ရွှင်စွာနေထိုင်နိုင်ရေးဖြစ်သည်ဟုထည့်သွင်းပြောကြားခဲ့ပါသည်။ **နိုင်ငံတော်ဝန်ကြီးချုပ်၏ ရှင်းလင်းမှုတွင် ကျောက်တုံးတော်ကြီး စတင်တွေ့ရှိချိန်မှ လက်ရှိအချိန်ထိ အခက်အခဲအကျပ်အတည်းအမျိုးမျိုးကြားမှ ကြိုးစားဆောင်ရွက်ခဲ့ရမှုတို့ကို အသေးစိတ်ရှင်းလင်းခဲ့ရာ အချိန်အားဖြင့် နှစ်နာရီနီးပါးကြာမြင့်ခဲ့ပါသည်။ ဧည့်ပရိသတ်တို့အနေဖြင့် ရုပ်ပွားတော်မြတ်ကြီးနှင့် ပတ်သက်သည့် အံ့ဩဖွယ်၊ မထင်မှတ်ဖွယ် အခက်အခဲများကျော်ဖြတ်ခဲ့ရပုံများကို ရုပ်ပုံများ၊ Video Clip များဖြင့် တွေ့မြင်ရသည်မှာ အချိန်ကုန်မှန်းမသိအောင်ပင် စိတ်ဝင်စားဖွယ်ဖူးမြော်ကြည်ညိုခဲ့ရတယ်လို့ဆိုကြပါသည်။ ရှင်းလင်းပြသပြီးချိန်တွင် မူလအစီအစဉ်တွင်မပါဝင်သည့် အလှူငွေပါဝင်လှူဒါန်းလိုကြောင်းကို ဧည့်ပရိသတ်အချို့က ကမ်းလှမ်းရာမှ အလှူငွေပေးအပ်ပွဲအစီအစဉ်ကို ကြားဖြတ်အနေနဲ့ ရုတ်တရက်စီစဉ်ခဲ့ရကြောင်းကိုလည်း တွေ့မြင်ခဲ့ရပါသည်။**

အလှူရှင်ဧည့်ပရိသတ်များက အလှူငွေများကို သဒ္ဓါယိုဖိတ်ကြည်ညိုစိတ်ဖြင့် ရွှင်လန်းဝမ်းမြောက်စွာ ထည့်ဝင်လှူဒါန်းကြသည်မှာ အလှူငွေ ၁၆ ဒသမ ၁၇၇ ဘီလီယံအထိ ရရှိခဲ့ကြောင်း သိရှိခဲ့ရပါသည်။ စာရေးသူအနေဖြင့် ထိုအလှူရှင်များ၏ ထက်သန်သောသဒ္ဓါတရားကို ကြည်နူးစိတ်ပွားလျက် သာဓုအကြိမ်ကြိမ် ကြည်ကြည်နူးနူးခေါ် ဆိုမိခဲ့ပါသေးသည်။

မေလအတွင်း ဖြစ်ပွားခဲ့သော မိုခါဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်မှုကြောင့် အခက်အခဲများကြုံတွေ့ခဲ့ရသော ပြည်သူများအတွက်လည်း ပထမအကြိမ် မေလ ၁၅ ရက်တွင် ငွေကျပ် သိန်းပေါင်း ၁၃၁၈၁၀ သိန်း၊ မေလ ၂၀ ရက်တွင် အလှူငွေများ ထပ်မံပေးအပ်ခဲ့ရာ စုစုပေါင်းအနေဖြင့် ငွေကျပ် ၈၇၁၇၅၃၉၅၀၀၊ ထိုင်းဘတ်ငွေ ၁ သန်း၊ ကျပ်သိန်း ၁၅၀၀၀ တန်ဖိုးရှိ သွပ်ချပ်ရေ ၁ သိန်းနှင့်ဆက်စပ်အိမ်မိုးပစ္စည်းများ၊ ယွမ် ၁ သိန်းနှင့်ညီမျှသည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် ရေသန့်များကို လက်ခံရရှိခဲ့ပါသည်။ နောက်ပိုင်းတွင်လည်း ဆက်၍ဆက်၍ လှူဒါန်းခဲ့ကြပါသေးသည်။ ရန်ပုံငွေဖျော်ဖြေပွဲများကျင်းပ၍လည်း လှူဒါန်းနိုင်ရေးကြိုးပမ်းအားထုတ်ခဲ့သည်ကို အားလုံးမြင်တွေ့ကြရမည်ဖြစ်ပေသည်။ ထိုရရှိသော အလှူငွေများနှင့် အိမ်သုံးပစ္စည်းများ၊ အစားအသောက်များအား မဆိုင်းမတွ ခွဲဝေပေးခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် "ပြည်တွင်းပြည်ပမှလှူဒါန်းသည့် အလှူငွေများနှင့် ပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများမှပြည်သူများ တစ်ဦးတစ်ယောက်မှ မကျန်ရှိစေရေး ကူညီဆောင်ရွက်သွားမည်" ဟုလည်း အတိအလင်းပြောကြားခဲ့သည်ကို ရုပ်မြင်သံကြားတွင် ကြားသိခဲ့ရသကဲ့သို့ နိုင်ငံပိုင်သတင်းစာများတွင်လည်း ဖတ်ရှုခဲ့ရပါသည်။

ဘာသာ၊ သာသနာကို စည်ပင်ပြန့်ပွားတိုးတက်စေရေးအတွက် သဒ္ဓါကြည်လင်စွာဖြင့် ကုသိုလ်ရှင်များက ကျောက်တုံးတော်ကြီးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။ ရည်ရွယ်ချက် (၄) ရပ်နှင့်အညီ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားချိန်တွင် တစ်ဆက်တည်းဆိုသလို ဗုဒ္ဓဥယျာဉ်တော်အတွင်းတွင်လည်း အခြားသော ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များကိုပါ တည်ဆောက်ခဲ့ပြီး ပိဋကတ်သုံးပုံကိုလည်း ပါဠိအက္ခရာ၊ **စာမျက်နှာ ၂၃ သို့**

Owk;vuf @

# အရောင်မခြယ်တဲ့ပန်း

ဗိုင်ဆု(ပညာရေး)



(၁)

"ဟဲ့ သူကဆရာဝန်နော်။ စိတ်ကူးမလွဲစေနဲ့"

"အို. . . ဒေါ်လေးရယ် သူဘာသာသူဆရာဝန်မက လို့ ဘာကြီးဖြစ်နေပါစေ ခိုင်မှာအိမ်ထောင်မပြုချင်တာ"

"နင့်အဖေက ကျန်းမာရေးမကောင်းဘူးနော်။ နင်သူ့အတွက်မစဉ်းစားတော့ဘူးလား"

ဒေါ်လေးသန်းလှ၏စကားကြောင့် မိခိုင်တွေဝေသွားရသည်။ အဖေ၏ ကျန်းမာရေးဆိုသည့် ခေါင်းစဉ်က မိခိုင်အတွက် တန်ဖိုးကြီးမားလှပေသည်။ မောင်နှမလေးယောက်ထဲတွင် မိခိုင်သည် အငယ်ဆုံးဖြစ်သလို အမေဆုံးပြီးကတည်းက အဖေ့ကို ပြုစုစောင့်ရှောက်ခဲ့ရသူလည်းဖြစ်သည်။ အစ်ကိုနှစ်ယောက်နှင့် အစ်မဖြစ်သူတို့က အိမ်ထောင်ကျပြီး အိမ်ခွဲနေကြသူများဖြစ်သည်။ မိခိုင်ကသာ အပျိုကြီးကျောင်းဆရာမအဖြစ်နှင့် အဖေဖြစ်သူ၏အနားတွင် ရှင်သန်နေခဲ့ရသည်။ အဖေ၏ညီမဖြစ်သည့် ဒေါ်လေးသန်းလှလည်း အပျိုကြီးပေမို့ သူတို့သားအဖနှင့်အတူ အဖော်ရအောင် အတူလာနေပေး၍တော်သေးသည်။ မဟုတ်လျှင် မိခိုင်ကျောင်းသွားသည့်အခါ အဖေ့အတွက် နောက်ဆံတင်းရပေလိမ့်မည်။

အဒေါ်ဖြစ်သူ ချိတ်ဆက်ပေးသည့် ဒေါက်တာအောင်ဇော်ဆိုသူနှင့် မိခိုင် သိကျွမ်းရင်းနှီးပြီးသားဖြစ်သည်။ ဒေါက်တာအောင်ဇော်သည် မိခိုင်တို့ရပ်ကွက်ထဲတွင် ဆေးခန်းလေးတစ်ခု ဖွင့်ထားပြီး အဖေ့ကို ဆေးခန်းလိုက်ပို့ရာမှ သိကျွမ်းခဲ့ရခြင်းဖြစ်သည်။ ဒေါ်လေးသန်းလှသည် လိုအပ်သည့်ဆေးတချို့ကို ဒေါက်တာထံတွင် မကြာခဏသွားယူလေ့ရှိရာမှ ဒေါက်တာသည် မိခိုင်ကိုမေတ္တာရှိကြောင်း ဒေါ်လေးသန်းလှမှတစ်ဆင့် စကားပါးခဲ့ခြင်းဖြစ်သည်။ မိခိုင်လည်း ဝေခွဲရခက်သော ပုစ္ဆာတစ်ပုဒ်၏ အဖြေကိုထွက်မလာမှန်းသိသိကြီးနှင့် ဆက်လည်းမတွက်ချင်၊ စဉ်းလည်းမစဉ်းစားချင်တော့ပေ။ တွေးလက်စအတွေးကိုခေတ္တမေ့ဖျောက်လိုက်ပြီး အဖေ့အတွက် ဆန်ပြုတ်ပြုတ်ရန် ပြင်ဆင်လိုက်တော့သည်။

(၂)

"အဖေ သမီးကိုပြောစရာရှိလို့ဆို"

အဖေသည် မိခိုင်ကို ချက်ချင်းမပြောသေးဘဲ နဖူးပေါ်တွင် စီးကျနေသော ချွေးစများကို သုတ်လိုက်သေးသည်။ ထို့နောက် ဘေးတွင်ရှိသော ရေနွေးခွက်ကိုယူ၍ သောက်လိုက်သည်။

"အဖေအခုပြောမယ်ဆိုတာက သမီးရဲ့ရှေ့ရေးအတွက်ပါ"

ထိုသို့ အဖေစကားစလိုက်ကတည်းက အဖေဘာကိုဆိုလိုမှန်း မိခိုင်သိလိုက်သည်။ ထို့ကြောင့်ပင် မိခိုင်သည် စကားလမ်းကြောင်းလွှဲလိုက်သည်။

"ဩော်. . . အဖေရယ်။ မိခိုင်ရဲ့ရှေ့ရေးက အဖေရှိနေတာပဲ။ အဖေနဲ့အတူ ပျော်ပျော်ကြီးနေသွားမယ်။ ပြီးတော့ သမီးမှာကျောင်းက ကလေးတွေရှိနေတာပဲ။ အဖေသာကျန်းမာအောင်နေ၊ အဖေကျန်းမာရင် သမီးအရာအားလုံးပြည့်စုံပြီ"

"မဟုတ်ဘူးသမီး။ အဖေ့အခြေအနေ အဖေသိတယ်။ နေ့လားညလားဖြစ်နေတာကြောင့် သမီးအတွက်နောင်ရေးစိတ်ချချင်တယ်။ သမီးအစ်ကိုနဲ့ အစ်မတွေကို အဖေစိတ်ချရပြီလေ။ ဒါကြောင့် သမီးအတွက်စိတ်ချရမဲ့သူနဲ့ သမီးရဲ့ဘဝကို ဖြတ်သန်းစေချင်တယ်"

ဒေါ်လေးသန်းလှ၏ လက်ချက်မှန်းမိခိုင်သိသော်လည်းအပြစ်မတင်ရက်ပါ။ လူကြီးများသည် အရာရာကိုတွေးတောစီစဉ်တတ်သူများဖြစ်သည်။ သို့သော် မိခိုင်က အချစ်ဆိုသောအရာထက် မေတ္တာတရား၏ လွတ်လပ်အေးချမ်းမှုအောက်တွင်သာ ကျင်လည်ချင်သည်။ ဒေါ်လေးသန်းလှပြောသလို အဖေ၏ ကျန်းမာရေးအတွက် ဒေါက်တာအောင်ဇော်၏ အထောက်အပံ့တစ်ခုများ ရလေမလားဟု တွေးမိပြန်သည်။ ထို့ကြောင့် တိကျသေချာသော အဖြေတစ်ခုကို မိခိုင်ဆုံးဖြတ်ရပေတော့မည်။

(၃)

"ဒေါက်တာ အဖေ့အတွက် ဆေးလာယူတာပါ"

ဆေးစာအုပ်လေးကို စားပွဲပေါ်တင်လိုက်ပြီး မိခိုင်စကားဆိုလိုက်သည်။ ဒေါက်တာအောင်ဇော်သည် မိခိုင်အသံကြားတော့ ဝမ်းသာအားရဖြင့် ထိုင်ခုံမှ ထလိုက်သည်။

"ဆရာမ မတွေ့တာတောင်ကြာပြီနော်"

"ဟုတ်ကဲ့ ဒေါက်တာ။ ကျောင်းဖွင့်ရက်တွေဆို အလုပ်များတယ်ရှင့်။ ဒီနေ့က စနေနေ့ကျောင်းပိတ်ရက်ဆိုတော့ အချိန်အားလေးရလို့ ကိုယ်တိုင်လာလိုက်တာပါ"

"ကျွန်တော်က ဒေါ်လေးကိုတောင် မေးနေသေးတာ ဆရာမများနေကောင်းရဲ့လားဆိုပြီး။ ထိုင်ပါဆရာမ။ ကျွန်တော်ဆေးယူလိုက်အုံးမယ်နော်"

"ဟုတ်ကဲ့ ဒေါက်တာ"

ဒေါက်တာ အောင်ဇော်သည် ငြင်းရလောက်သည့်လူတစ်ယောက်မဟုတ်မှန်း မိခိုင်သတိထားမိသည်။ သို့သော်လည်း သူ၏နှလုံးအိမ်ထဲတွင်တော့ မည်သည့်အရိပ်အငွေ့မျှ မသက်ရောက်လာမှန်း သူကိုယ်တိုင်အသိဆုံးပင်ဖြစ်သည်။

"ဆေးရပြီ ရှော့ဆရာမ။ ဒါနဲ့ဦးလေးကော သက်သာတယ်မဟုတ်လား"

"ဟုတ်သက်သာပါတယ်။ ဒေါက်တာကိုလဲ ကျေးဇူးတင်ပါတယ်။ ဆေးဖိုးဘယ်လောက်ကျလဲဒေါက်တာ"

"ဆေးက ဈေးကြီးတဲ့ဆေးတွေမှ မဟုတ်တာဆရာမရယ်။ ပြောရမဲ့လူတွေကျနေတာပဲ မပေးပါနဲ့"

"မလုပ်ပါနဲ့ဆရာရယ် တန်ဖိုးဆိုတာ သူ့နေရာနဲ့သူရှိတာပဲ။ ဆေးဖိုးမယူရင် ဒေါက်တာရဲ့တန်ဖိုးကျသွားမှာပေါ့"

"ဟုတ်ပါပြီဗျာ။ ဆရာမဆိုတဲ့အတိုင်း စကားပြောကောင်းတော့ ယူရမှာပေါ့။ ကဲ. . . ၁၅၀၀ ကျပါတယ်ခင်ဗျာ"

"ရှင်. . ."

"ဟို ဟို ဒီလိုလေ ဆရာမက လူရင်းဆိုတော့ အရင်းအတိုင်းပေးတာလေ။ ဆေးဖိုးအရင်းက ငွေ ၁၄၇၀။ ဒါကြောင့် ပြန်အမ်းလို့လဲ အဆင်မပြေတော့ ၁၅၀၀ တောင်းတာပါ"

ဒေါက်တာအောင်ဇော် ဘယ်လိုသဘောနှင့်ပြောမှန်း မိခိုင်သိပြီးသားဖြစ်သည်။ ထို့ကြောင့်ပင် သူ့ဘက်က ပညာသားပါပါတုံ့ပြန်လိုက်သည်။

"ဟုတ်ကဲ့ဆရာ။ ဒါဆို ကျွန်မ ၂၀၀၀ ပေးခဲ့လိုက်ပါမယ်။ ဆရာလဲအဆင်ပြေတာပေါ့။ ကျွန်မကိုသွားခွင့်ပြုပါအုံးရှင့်"

"ကျေးဇူးပါဆရာမ။ ကျွန်တော့်အတွက် ၁၅၀၀ ထက်ပိုပေးသွားတာဆိုတော့ ပိုပြီးကျေနပ်ပါတယ်"

ဒေါက်တာအောင်ဇော်စကားကြောင့် မိခိုင်ဘာမျှ ပြန်မပြောနိုင်တော့ပေ။ အတော်အလျှော့မပေးသည့်လူပါလားဟုတွေးပြီး ဆေးခန်းမှ ပြန်လာခဲ့တော့သည်။

(၄)

မြို့ထဲတွင် လိုအပ်သည့်စာအုပ်များကို ဝယ်ရင်းသူငယ်ချင်းတစ်ယောက်မင်္ဂလာဆောင်အတွက် လက်ဖွဲ့ဝယ်ရန် သိမ်ကြီးဈေးထဲလျှောက်ကြည့်နေမိသည်။

"ဟဲ့ မိခိုင် ညီမလေး"

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ အစ်ကိုအကြီးဆုံး ကိုသန်းတင်ကို တွေ့လိုက်ရသည်။ အလုပ်ကိုယ်စီနှင့်မို့ မောင်နှမတွေ မတွေ့ဖြစ်သည်မှာ အတော်ကြာပြီဖြစ်သောကြောင့် မောင်နှမနှစ်ယောက် ကော်ဖီဆိုင်တွင်ထိုင်ရင်း စကားစမြည်ပြောဖြစ်ကြသည်။

"မိခိုင် အဖေကောနေကောင်းရဲ့လား။ ငါလဲဆိုင်နဲ့မို့ အလုပ်တွေကရှုပ်နေလို့ပါ။ ရန်ကုန်မှာက ငါတို့မောင်နှမပဲရှိတာလေ။ ဟိုနှစ်ယောက်က နယ်မှာဆိုတော့ ရန်ကုန်မှာရှိတဲ့ အကြီးဆုံးငါက အဖေ့ဆီမလာနိုင်တာ တောင်းပန်ပါတယ်ဟာ"

"ရပါတယ် အစ်ကိုကြီးရယ်။ အဖေလဲနေကောင်းပါတယ်။ ဒါပေမဲ့ အဖေကတော့ သူ့သားသမီးတွေကို အဆင်ပြေရဲ့လားဆိုပြီး အမြဲမေးပါတယ်။ ဒါနဲ့ အစ်ကိုကြီးကော အဆင်ပြေရဲ့လား"

"ပြေပါတယ်။ အိမ်မှာကော၊ ဆိုင်မှာကော ငါပဲ ဦးစီးနေရတာလေ။ သားလေးကလဲ အခုဆိုခြောက်တန်းရောက်နေပြီ"

"ဟုတ်လား။ တူလေးတောင်အတော်ကြီးလာပြီ။ မိခိုင်တို့မောင်နှမတွေလဲ မဆုံကြတာကြာပြီနော်။ သီတင်းကျွတ် အဖေ့ကိုကန်တော့ကြမှပဲ လူစုံတက်စုံ ဆုံရတော့မယ်ထင်တယ်နော်"

"အင်း အစ်ကိုကြီးလဲ အဖေ့နား အခုလိုပြုစုစောင့်ရှောက်ပေးနေတဲ့ ညီမလေးရှိလို့တော်သေးတယ်။ နောက်ပြီး ဒေါ်လေးသန်းလှကိုလဲ ကျေးဇူးတင်တယ်လို့ပြောပေးအုံး။ ဩော်. . . ပြီးရင်အဖေ့အတွက် လိုအပ်တာလေးတွေ အစ်ကိုကြီးဝယ်ပေးလိုက်မယ်နော်"

"ဟုတ်ကဲ့။ အခုအစ်ကိုကြီးတို့အဆင်ပြေနေတာမြင်ရတော့ မိခိုင်ဝမ်းသာပါတယ်"

မိခိုင်စကားကြောင့် အစ်ကိုကြီးမျက်နှာအနည်းငယ်ပျက်သွားသည်ကို သတိထားမိသည်။ ထို့နောက် အစ်ကိုကြီးသည် ကော်ဖီတစ်ငုံသောက်လိုက်ရင်း ဆိုလာတော့သည်။

"ဒီလိုပါပဲဟာ။ မိသားစုက အဆင်ပြေပေမဲ့ ယောက္ခမအဘိုးကြီးကြောင့် မပြေပါဘူးဟာ"

"ဟင်. . . သူက အစ်ကိုကြီးကို အပြစ်တွေပြောလို့လား"

"အစ်ကိုကြီးကို အပြစ်တွေဘာတွေ မပြောနိုင်ပါဘူးဟာ။ သူက ရောဂါသည်ကြီးပါ။ သူတောင် ငါ့မျက်နှာကြည့်ပြီးနေရတာဟ။ မိန်းမကလဲ သူ့အဖေဆိုအကဲပိုတော့ စကားခဏခဏများရတယ်။ ရောဂါသည်ဆိုတော့ အိမ်မှာလူပိုကြီးပေါ့ဟာ"

အစ်ကိုကြီး၏စကားကြောင့် မိခိုင်နှုတ်ဖျားကမည်သည့်စကားမျှမပြောနိုင်အောင်ပင် ဆွံ့အခဲ့ရတော့သည်။ အစ်ကိုကြီး၏စကားကြောင့် အရင်ဆုံးပြေးမြင်မိသည်က အဖေနှင့် ဒေါက်တာအောင်ဇော်ပင်ဖြစ်သည်။ ဒေါက်တာအောင်ဇော်သည်လည်း အစ်ကိုကြီးလိုမျိုးဖြစ်လာခဲ့လျှင်ဆိုသည့်အတွေးနှင့် ဒေါက်တာအောင်ဇော် မျက်နှာကြည့်ပြီးနေရမည့် ကျန်းမာရေးမကောင်းသည့်အဖေ၏ ဘဝကို စိတ်ကူးနှင့်တွေးရုံဖြင့် မိခိုင်နာကျင်လာမိသည်။ ဒေါက်တာအောင်ဇော်သည် အစ်ကိုကြီးလိုမျိုးဖြစ်မည်ဆိုသည်မှာ မသေချာသော်လည်း အဆိုးဆုံးကိုကြိုတွေးတတ်သည့် မိခိုင်အတွက် ချောက်ချားဖွယ်ရာပင်ဖြစ်သည်။ ဒါတောင်မှ မိခိုင် ဒေါက်တာအောင်ဇော်ကိုလက်ခံရန် တစ်ခါမျှ မတွေးဖူး၍တော်သေးသည်။ ဒေါက်တာအောင်ဇော်၏သိက္ခာကိုလေးစားသော်လည်း ကံတရား၏ဖွဲ့စည်းပုံကိုတော့ မိခိုင်ကြောက်ရွံ့မိသည့်အတွက် ဇာတ်လမ်းကို မစမီကတည်းက ယတိပြတ်အဆုံးသတ်ရန်သာ ပြင်ဆင်ရပေတော့မည်ဟု တွေးလိုက်တော့သည်။

(၅)

ယခုဆို အဖေဆုံးသွားသည်မှာ တစ်နှစ်ကျော်ရှိပြီဖြစ်သည်။ အဖေ့ကို အကောင်းဆုံးပြုစုစောင့်ရှောက်ပေးနိုင်ခဲ့သည့်အတွက် မိခိုင်တာဝန်ကျေသည်ဟု ခံစားမိသည်။ အဖေမရှိသော်လည်း မိခိုင်၏ ဘဝသည် ပုံမှန်အတိုင်းပဲ အေးချမ်းစွာ ဖြတ်သန်းနေရပေဦးမည်။ အရောင်မခြယ်တဲ့ ပန်းကလေးအဖြစ်နှင့် ဘဝကိုလွတ်လပ်စွာသင်းပျံ့သွားရပေဦးမည်။ တိုက်တိုက်ဆိုင်ဆိုင်ရောက်လာသော ဖိတ်စာလေးကိုလက်ထဲမှာဆုပ်ကိုင်ထားရင်း မိခိုင်ပြုံးမိသည်။ ထိုအပြုံးများမှာ ဝမ်းနည်းခြင်း၊ ကြေကွဲဆုံးရှုံးခြင်း တစိုးတစိမျှမပါဘဲ ဝမ်းသာပီတိဖြစ်ခြင်း၊ ကျေနပ်ခြင်းတို့ဖြင့်သာ ပြည့်နှက်နေသည်။ အရောင်မခြယ်တဲ့ အဖြူရောင်ပန်းကလေး၏ တောက်ပသောဝင့်ကြွားမှုဖြင့် ပြုံးလိုက်ခြင်းသာဖြစ်သည်။ ထိုဖိတ်စာမှာ အခြားမဟုတ်။ ဒေါက်တာအောင်ဇော်၏ မင်္ဂလာဆောင်ဖိတ်စာလေးသာဖြစ်ပါတော့သည်။

# ကျိုက်လတ်မြို့နယ်တွင် ကွမ်းသီးအနု အလုံး ၁၀၀ လျှင် ငွေကျပ် ၄၅၀၀ ထိ ဈေးကောင်းရရှိနေ



**ကျိုက်လတ် ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ကွမ်းသီးအနု အလုံး ၁၀၀ လျှင် ငွေကျပ် ၄၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ဌေးခိုင်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်၌ မတ်လ၊ ဧပြီလ၊ မေလတို့တွင် ကွမ်းသီးအနုအလုံး ၁၀၀ လျှင် ငွေကျပ် ၃၂၀၀ သာ ဈေးရှိခဲ့ပြီး ဇွန်လပထမပတ်မှ စတင်ဈေးကောင်းလာပြီး ဇွန် ၁ ရက်မှယနေ့ထိ ကွမ်းသီးအနုအလုံး ၁၀၀ လျှင် ငွေကျပ် ၄၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ ဈေးကောင်းရရှိနေခြင်းသည် ပြည်ပဈေးကွက်က ဝယ်ယူမှုအားကောင်းနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

“ပြည်ပဈေးကွက်က ဝယ်ယူအားကောင်းလာလို့ တင်ပို့နေရတာကြောင့် ဈေးကောင်းရရှိနေတာပါ။ လက်ရှိ ကွမ်းသီးအနုအလုံး ၁၀၀ ကို ငွေကျပ် ၄၅၀၀ ထိ ဈေးပေါက်လာပါတယ်။ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးအနုတွေ တင်ပို့ရောင်းချနေတာပါ။ ရန်ကုန်ကနေတစ်ဆင့် တရုတ်နိုင်ငံကို တင်ပို့နေရလို့ ဈေးကောင်းရရှိနေတာပါ။ ဈေးကောင်းလဲရ၊ ဝယ်လိုအားကလဲကောင်းတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေအဆင်ပြေပါတယ်။ ပြီးခဲ့တဲ့လတွေက ကွမ်းသီးအနုဈေးက အလုံး ၁၀၀ ကို အမြင့်ဆုံး ငွေကျပ် ၃၂၀၀ ထိပဲ ရရှိခဲ့တာပါ။ အခု ကွမ်းသီးအနုတွေ လိုသလောက် ဝယ်ယူလို့မရတဲ့ထိ ဖြစ်နေပါတယ်”ဟု ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ဌေးခိုင်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့်ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူ၍ စနစ်တကျ ရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခင်က ကွမ်းသီးအစိမ်း၊ အမှည့် ဈေးကွက်နှစ်မျိုးသာရှိပြီး ယခုအခါ ရင့်မှည့်ချိန်ထိ စောင့်ရောင်းရန်မလိုဘဲ ကွမ်းသီးအနုများပါ ဝယ်ယူလာခြင်းကြောင့် ကွမ်းသီးပင်စိုက်ပျိုးသူများ အဆင်ပြေနေကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လင်းခေးမြို့နယ်၌ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းပို့ချ

**လင်းခေး ဇူလိုင် ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နားမွန်းလုံကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ စွမ်းဆောင်ရည်မြင့်မားစေရန်အတွက် ရည်ရွယ်၍ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းပို့ချခြင်းကို ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်ခန်းစာ ဘာသာရပ်များကို သင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းသို့ နားမွန်းလုံကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦး တက်ရောက်ကြပြီး သင်တန်းတွင် ငွေစာရင်းထိန်းသိမ်းနည်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို တစ်ရက်ကြာ အခမဲ့ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အေးသူ**



# အင်္ဂပူမြို့နယ် ရေတွင်းကုန်းကျေးရွာ၌ ကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**အင်္ဂပူ ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ရေတွင်းကုန်းကျေးရွာ၌ ကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ရေတွင်းကုန်းကျေးရွာ၌ ကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် စီမံကိန်းစည်းမျဉ်းများအတိုင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရေတွင်းကုန်းကျေးရွာ၌ အရှည် ပေ ၅၉၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀ သန်းအသုံးပြုကာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

## ချစ်သောဧရာဝတီ

\- မိုင်ထောင်ကျော် ရစ်ခွေစီး
ဂုဏ်သတင်းကြီးသည့် ဧရာဝတီ၊
လွန်ရှည်ကြာ နှစ်အပေါင်း
ကြာညောင်းလေပြီ၊
မြို့အပေါင်း အလီလီ
ကပ်သီလို့ ဖြတ်ကျော်သွား၊
သွဲ့ဝန်းကျင် စိမ်းစိုပြလို့ရယ်
လှပခဲ့ညား။

\- မြစ်ကမ်းခြေ မြို့ရွာများကိုကွဲ့
မရပ်မနားခရီးနှင်၊
သင်္ဘောလှေ ခုတ်မောင်းကြတော့
လှိုင်းကဘောင်ဘင်၊
တောင်ကိုဖြတ်လို့ တောကိုဝင်
တသွင်သွင် သွဲ့အလှ၊
မြစ်နဒီ ရေကမ်းရယ်က
ငြိမ်းချမ်းအေးမြ။

\- ပြည်သူကို အကျိုးပြု
နုန်းတင်မြေနု သားငါးမကျန်၊
သတ္တုရွှေငွေ သယံဇာတ
ပေးဝေငှပြန်၊
အကျိုးကြီးလို့ အဖိုးတန်
မရိုးအမှန် ရှုမငြီး၊
ထက်အောက်မြေ စုန်ဆန်ကူးတယ်
ထူးသည့်မြစ်ကြီး။ ။

**ခင်ငြိမ်းချမ်း(ရွှေကန်သာ)**

# ဟုမ္မလင်းမြို့နယ် ထုံမာတဲကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဟုမ္မလင်း ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ထုံမာတဲကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်မင်းဆွေနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ထုံမာတဲကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ထုံမာတဲကျေးရွာတွင် အရှည် သုံးမိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်မြေသားနှစ်ပေ၊ ချင်းကျောက် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ အရှည် ငါးပေ၊ အကျယ် ၁၈ ပေနှင့် အမြင့် ငါးပေရှိ Box Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၆၃ ဒသမ ၇၇၂ သန်းဖြင့် တင်ဒါအောင် AKP Family Power ကုမ္ပဏီက ယခုနှစ် ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်မင်းဆွေထံမှ သိရသည်။

**သက်မာ**

စာအုပ်စာပေ လှူမိတ်ဆွေ

# ဝါဆိုလ မြတ်လေးပန်းနှင့် ကျန်းမာရေး

**ပေါက်ပေါက်**

ဝါဆိုလသည် မြန်မာလများတွင် စတုတ္ထမြောက်လဖြစ်၍ နွေဥတုနှင့် မိုးဥတု နှစ်ခုစလုံး၌ ပါဝင်သည်။ နွေတစ်ပိုင်း၊ မိုးတစ်ပိုင်း ရောနှောနေသောလဖြစ်သည်။ မြတ်လေးပန်းနှင့် ပုန်းညက်ပန်းတို့ပွင့်ကြပြီး ရှေးမြန်မာတို့က အလွန်မွှေးလှသော မြတ်လေးပန်းကို ဝါဆိုလ၏ ရာသီပန်းအဖြစ် သတ်မှတ်ထားကြသည်။ မူလပေါက်ရာအရပ်မှာ ဟိမဝန္တာတောင်၏ အနောက်မြောက်ဘက်ဒေသဖြစ်သည်။ မြတ်လေးပင်သည် ချုံနှင့်နွယ်မျိုးဝင်ဖြစ်ပြီး မျိုးစိတ်ပေါင်း ၁၀၁ မျိုးခန့်ရှိကြောင်း သိရသည်။

မြန်မာဝစ်ရှင်နရီတွင် မြတ်လေးပန်းကို“**အမျှင်တံပေါင်းဖွဲ့သောအရွက်မျိုးရှိ၍ နံ့အော်လန်ကဲ့သို့သောအပွင့်ငယ်များ အဖြူ၊ အနီပွင့်တတ်သည့် နွယ်ရုံပင်တစ်မျိုး။ ဖြစ်ညည်းရိုးမှာမြတ်လေးပန်းတွေပွင့်နေတယ်။ Star Ipomea - Ipomea coccinea. အလွန်မွှေးသော အဖြူရောင်အပွင့်ငယ်များပွင့်သောပန်းပင်တစ်မျိုး။ ရေသပြေရွှန်းရွှန်း၊ လင်းလွန်းမွှေးမွှေး၊ မြတ်လေးသွယ်သွယ်။ မဟာခိ+ဂျ။ Spanish Jasmine - Jasminum Grandiflorum.**”ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

မြတ်လေးပန်းသည် Oleaceae မျိုးရင်းဖြစ်ပြီး အင်္ဂလိပ်အမည်အားဖြင့် Spanish jasmine, Catalonian jasmine, Califonia jasmine, Royal jasmine စသည်ဖြင့် အမျိုးမျိုးမှည့်ခေါ်ကြသည်။ အဖြူရောင်၊ အဝါရောင်၊ အနီစပ်နှင့် အနီရောင်ဟူ၍ အရောင်လေးမျိုးတွေ့ရတတ်ပြီး ရုက္ခဗေဒအမည်များအရ -

- အဖြူရောင် မြတ်လေးပန်းကို Jasminum grandiflorum Linn ဟုလည်းကောင်း၊
- အဝါရောင် မြတ်လေးပန်းကို Jasminum angustifolium ဟုလည်းကောင်း၊
- အနီစပ်မြတ်လေးပန်းကို Ipomoea quamedit ဟုလည်းကောင်း၊
- အနီရောင်မြတ်လေးပန်းကို Ouamoelit vulgaris ဟုလည်းကောင်း သတ်မှတ်ထားကြောင်း လေ့လာမှတ်သားရသည်။

**မုလေး ခေါ် မြတ်လေး**

မြန်မာနိုင်ငံ၏ အချို့အရပ်ဒေသတွင် “မုလေးပင်” ဟုခေါ်ကြသည်။ မုလေးပန်းဟုရေးသားခေါ်ဝေါ်ကြသည်မှာ အဘိဓာန်ကျမ်းတွင် “သုမနာ၊ မုလေး။ ဇာတိသုမနာ၊ မုလေး။ မာလတီ၊ မုလေး။ ဇာတိ၊ မုလေး။ ဝိဿကီ၊ မုလေး”ဟူ၍ ပရိယာယ်ငါးပုဒ်ပြဆိုထားကြောင်းနှင့် မြန်မာဘာသာတွင် မာလတီဟူသော အပုဒ်တွင် “တီသဒ္ဒါကြေ၍ မာလသဒ္ဒါပျက် မုလေး”ဟု မြန်မာဘာသာရေးသားခေါ်ဝေါ်ကြသည်ဟု အယူရှိကြောင်း သိရသည်။

ထိုမုလေးပန်းကို ဒသင်္ဂုတ္တိုရ်အပ္ပမာဒသုတ်ပါဠိတော်၌ “သတ္တဝါတွင် ဘုရား၊ မြေနိုက်သွား၍ ထင်သည်တွင် ဆင်၏ခြေရာ၊ အခြင်တကာတွင် အထွတ်၊ အမြစ်နံ့သာတွင် ကာဠာနုသာရီ၊ အနှစ်နံ့သာတွင် လောဟိတစန္ဒန၊ အပွင့်နံ့သာတွင် ဝဿကီပုပ္ဖ၊ မုလေးပန်း၊ မင်းများအပေါင်းတွင် စကြာမင်း၊ ကြယ်တကာ အရောင်တွင် လရောင်၊ မှောင်တကာကိုဖျောက်၍ ထွန်းလင်းသောအရောင်တွင် နေ၊ မြစ်တကာတွင် သမုဒ္ဒရာသာအကြီးအကဲအထွတ်အမြတ်ဖြစ်သကဲ့သို့ ကုသိုလ်တကာတွင် အပ္ပမာဒတရား မြတ်ကြောင်းများကို ဘုရားဟောတော်မူသည်ဖြစ်၍၊ မုလေးပန်းကား ပန်းတကာတွင် အထွတ်အမြတ်အသာဆုံးဖြစ်သည်”ဟု မှတ်သားရသည်။

**တော်ဝင်ပန်း**

မြတ်လေးပန်းသည် တော်ဝင်ပန်းဖြစ်သည့်အလျောက် ကုန်းဘောင်ခေတ်တစ်လျှောက်လုံးတွင် မြတ်လေးပန်းအဆီကို နန်းတွင်းသုံးခေါင်းလိမ်းဆီအဖြစ် မြတ်မြတ်နိုးနိုးအသုံးပြုကြကြောင်း လေ့လာမှတ်သားရသည်။ မြတ်လေးပန်း၏ ထူးခြားချက်မှာ အပွင့်ကိုခူးမည့်သူမရှိပါက ဘယ်သောအခါမျှ အလိုအလျောက် မြေမခဘဲ နွမ်းခြောက်သွားသည့် အချိန်ထိ ပင်ယံထက်တွင်တည်နေသည်။ ထို့ကြောင့် မြန်မာအမျိုးသမီးများကို ဣန္ဒြေသိက္ခာထိန်းသိမ်းကြရာ၌ “မြတ်လေးပန်းလိုကျင့်”ဟု ပမာနှိုင်း၍ ဆိုကြသည်။

ဝိမာနဝတ္ထုအဋ္ဌကထာတွင်လည်း ပန်းတွင် မုလေးပန်းမြတ်ကြောင်းဆိုထားသည်။ ရှေးထီးရှေနန်းမင်းအဆက်ဆက် ထွက်စံတော်မူရာ ရာဇမတ်တန်းမင်းလမ်းများတွင် တံခွန်ကုက္ကား၊ မုလေးပွားစိုက်ဆောက်သည်မှာလည်း အခါခပ်သိမ်းမုလေးပန်းဆိုင်းမရသောကြောင့် မုလေးပန်းတုအထည်စက္ကူများကို ပြုလုပ်ကြရကြောင်း၊ ထို့ကြောင့် မုလေးပွားဟုခေါ်ဆိုကြောင်း လေ့လာမှတ်သားရသည်။



**အပင်၏ ပုံသဏ္ဌာန်**

မြတ်လေးပင်တို့ကို မြန်မာနိုင်ငံအနှံ့အပြားတွင် အလှစိုက်ပျိုးလေ့ရှိကြသည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း မြတ်လေးပင်တို့ကို အဖြူရောင်၊ အဝါရောင်၊ အနီစပ်နှင့် အနီရောင်ဟူ၍ အရောင်လေးမျိုးရှိပြီး အဖြူ၊ အနီစပ်နှင့် အနီရောင်တို့မှ ပုံသဏ္ဌာန်ထင်ရှားသည်။

- အဝါရောင် မြတ်လေးပင်သည် နွယ်မျိုးဖြစ်၍ လုံးပတ်မှာ လေးလက်မမှ ငါးလက်မမျှရှိသည်။ အကိုင်းအခက်များကောက်ကောက်ကွေးကွေးရှိသည်။ အရွက်သည် လေးလက်မမှ ခြောက်လက်မထိရှည်သည်။ ရွက်ရိုးတံ နှစ်ဖက်စုံထွက်လျက်ရှိပြီး လေးစုံမှ ခြောက်စုံထိထွက်သည်။ အဖျားချွန်သည်။ အပွင့်မှာ အလွန်မွှေးသည်။ အဝါရောင်အပွင့်များပွင့်၍ ကဆုန်လတွင် အသီးသီးကြသည်။
- အဖြူရောင် မြတ်လေးပင်သည် နူးညံ့သော နွယ်ပင်မျိုးဖြစ်သည်။ ၎င်းအရွက်များသည် လိမ်ကောက်၍နေပြီး ၁၃ ပေမှ ၁၅ ပေထိ နွယ်တက်သည်။ ရွက်လွှဲထွက်၍ သေးသွယ်သောအရွက်များထွက်ရှိသည်။ အပွင့်သည် အဖြူရောင်ရှိ၍ အနည်းငယ် ပျော့ပျောင်းသည်။ မြတ်လေးအနီပွင့်နှင့် သဏ္ဌာန်တူသော်လည်း မြတ်လေးအဖြူက သေးငယ်သည်။ လုံးဝန်းသော အသီးသီးသည်။
- အနီစပ်ရောင် မြတ်လေးပင်သည် ချုံပင်ဖြစ်သည်။ အရွက်မှာထိပ်ဖျားချွန်၍ လက်မခွဲမှ နှစ်လက်မထိရှည်သည်။ အရွက်အစွန်းသုံးခုရှိသည်။ အရွက်ခပ်ကျဲကျဲထွက်သည်။ အပွင့်မှာ မြတ်လေးအဖြူကဲ့သို့ ပွင့်သည်။ အစိမ်းရင့်ရောင် အရွက်မှာအနည်းငယ်ထူ၍ မျက်နှာပြင်ပြောင်သည်။ အနီရောင် မြတ်လေးပင်သည်လည်း အလားတူအပင်မျိုးဖြစ်သည်။

**ဆေးဖက်ဝင်အာနိသင်**

အပွင့်နှင့် အရွက်တို့ကို ဆေးဝါးအလို့ငှာအသုံးပြုနိုင်ပါသည်။

- မြန်မာ့ဆေးကျမ်းတွင် “မြတ်လေးပင်သည် ဖန်၊ ခါး၏။ စပ်၏။ ပူ၏။ ကြေကျက်လွယ်၏။ အန်စေတတ်၏” ဟု ညွှန်းဆိုထားသည်။
- မုလေးပွင့်၊ မုလေးမှုံ၊ မုလေးရွက်တို့၏ အကျိုးကို သီရိရာဇဗြန္ဒသေနရသေ့စီရင်သည့် ဒြဗျဂုဏ်ဆေးကျမ်းတွင် “မုလေးပန်းသည် သလိပ်နာ၊ သည်းခြေနာ၊ သွေးနာ၊ ပေါက်သောအနာ၊ ပိုးနာ၊ နူနာကိုပယ်နိုင်၏။ ထိုမုလေးပန်း၏ အမှုံအကင်းသည် မျက်စိနာနှင့်သင့်၏။ ထိုမုလေးရွက်သည် သလိပ်သည်းခြေကိုနိုင်၏” ဟု ဆိုထားသည်။
- ဝေဿာမိတ္တရသေ့စီရင်သည့် သရရတုကထနဆေးကျမ်းတွင် “မုလေးကျီးပေါင်းကိုရေဝတီနက္ခတ်အကြိုက်တွင် ယူဆောင်လျှင်၊ လူအပေါင်းတို့စကားကိုနာယူရသည်” ဟု ဆိုထားသည်။
- Herbal ခေါ် ဆေးဖက်ဝင်အပင်များ ဆေးကျမ်းတွင် မြတ်လေးပန်းနှင့်ပတ်သက်၍ ဆေးစွမ်းထက်မြက်ပုံတို့ကို“ Anxiety စိုးရိမ်စိတ်ကဲခြင်း၊ Calming စိတ်ငြိမ်စေခြင်း၊ Cancer (bone, lymph nodes, breast) အရိုးကင်ဆာ၊ တက်စေ့ကင်ဆာနှင့် ရင်သားကင်ဆာ၊ Conjuctivitis မျက်စိကျိန်း၊ Depression စိတ်ဓာတ်ကျခြင်း၊ Dermatitis အရေပြားရောင်ရမ်းခြင်း၊ Dry Skin အသားအရေခြောက်ခြင်း၊ Exhaustion အားကုန်ခြင်း၊ Headaches ခေါင်းကိုက်ခြင်း၊ Stress relief စိတ်ဖိအားများခြင်းတို့အတွက် အသုံးပြုနိုင်၏” ဟု ဖော်ပြထားသည်။
- အိန္ဒိယဆေးကျမ်းများတွင် “မြတ်လေးပန်းသည် ပန်းသည်ရှူးရှခါးသီးပြီး စူးရှသောအရသာရှိ၏။ ခံတွင်းရောဂါ၊ ခေါင်းကိုက်ခြင်း၊ ပန်းနာရင်ကျပ်၊ သွားပိုးစားခြင်း၊ ပါးစပ်ရောင်ခြင်း၊ မျက်စိရောဂါများအတွက် အလွန်အသုံးဝင်၏။ သွားကိုက်ခြင်း၊ ယားယံခြင်းနှင့် နားကိုက်ခြင်းတို့အတွက်လည်း အလွန်ကောင်းမွန်၏။ သွေးရောဂါ၊ နူနာ၊ အနာအမျိုးမျိုးတို့အတွက် အပင်၏အမြစ်သည် ဆေးစွမ်းထက်၏။ အရက်နာကျခြင်း၊ ခေါင်းကိုက်ခြင်း၊ သွေးထွက်လွန်ခြင်း၊ လေငန်း၊ ဒူလာရောဂါတို့အတွက် ကောင်း၏။ အနီရောင်ပန်းပွင့်ကို ဆိုးဆေး၊ သုတ်ဆေးအလို့ငှာ သုံးနိုင်၏။ မြတ်လေးပန်းအဆီသည် ခါး၏။ သက်ကြီးရွယ်အိုများအတွက် ကောင်းမွန်၏။ ရောင်ရမ်းမှုကိုသက်သာစေခြင်း၊ အရေပြားကို ပျော့ပျောင်းစေခြင်း၊ ဦးနှောက်ကိုအားပြုစေခြင်း၊ အရိုးအဆစ်ကျန်းမာစေခြင်းအတွက် အသုံးတည့်၏။ ထို့ပြင် နားကိုက်လျှင် မြတ်လေးဆီဖြင့် နားကျပ်နိုင်၏။ ခါးသောအပင်အမြစ်ကို အခြောက်ခံအမှုန့်ပြု၍ ရေဖြင့်သောက်လျှင် အူတွင်းရှိတုတ်ကောင်၊ သံကောင်များကိုသေစေ၏”ဟု အကျယ်တဝင့် ရေးသားထားပါသည်။
- မြတ်လေးပန်းသည် အနံ့ရှူရှိုက်မှုဖြင့် အမူးအမော်ကိုပြေစေသောအာနိသင်ရှိသည်။ ချွေးထွက်လွန်ခြင်း၊ မူးဝေခြင်း၊ မောပန်းခြင်းများအတွက် မြတ်လေးပန်းပွင့်ကို ရှူပေးခြင်းဖြင့် သက်သာစေပါသည်။
- မြတ်လေးပွင့်သုံးပွင့်ကို နှမ်းဆီဖြင့်ကြိတ်၍ ရှူပေးလျှင် ခေါင်းကိုက်ရောဂါ ပျောက်ကင်းစေနိုင်သည်။
- အရွက်ကိုပြုတ်၍ နှုတ်ငုံဆေးအဖြစ် ငုံပေးပါက သွားကိုက်သွားနာပျောက်ကင်းသည်။
- အဝါရောင်ပွင့်သော မြတ်လေးပင်၏ အရွက်ကို ကျို၍သောက်လျှင် ချောင်းဆိုးရောဂါ ပျောက်ကင်းစေပါသည်။ ၎င်းအပင်၏ အရွက်ကိုအပူပေး၍ ရလာသောပေါင်းခံရည်ကို ယားနာ၊ ပွေးနာများတွင် လိမ်းပေးလျှင် သက်သာစေပါသည်။ ၎င်းအပင်တစ်ပင်လုံး (ပဥ္စင်ါးပါး- အမြစ်၊ ပင်စည်၊ အကိုင်း၊ အရွက်၊ အဖူးအပွင့်) တို့ကို ဆီနှင့်ချက်၍ ရလာသောအဆီဖြင့် လိမ်းကျံနှိပ်နယ်ပေးလျှင် အဆစ်ရောင်ရောဂါများ ပျောက်ကင်းစေပါသည်။
- မြတ်လေးပန်းခြောက်ကို နှမ်းဆီတွင် စိမ်ထားပါ။ အဆိုပါဆီကို နားတွင်းကျပ်ပေးပါက နားပြည်ယိုရောဂါ ပျောက်ကင်းစေသည်။
- နှလုံးရောဂါ၊ အမောရောဂါများအတွက် ဖော်စပ်သောဆေးဝါးများတွင် မြတ်လေးပွင့်ကို ထည့်သွင်းဖော်စပ်ကြသကဲ့သို့ သွေးဆေးအေးများ ဖော်စပ်ရာတွင် ဆေးအမည်အဖြစ် ထည့်သွင်းဖော်စပ်လေ့ရှိပါသည်။
- အိပ်မပျော်ရောဂါရှိသူများအနေဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်စေရန် မြတ်လေးပန်းခြောက်မှုန့်ကို ပျားရည်တွင်စိမ်၍ ညအိပ်ရာဝင်ခါနီးတွင် လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာပမာဏ သောက်သုံးပါ။
- အဖြူရောင်ပွင့်သော မြတ်လေးပင် ပဥ္စင်ါးပါး အလေးချိန် ငါးကျပ်သားနှင့် ရေသန့် ၅၀ ကျပ်သားတို့ကို ထက်ဝက်ခန်းအောင် ကျိုချက်၍ သောက်ပေးခြင်းဖြင့် မီးယပ်ချုပ်ခြင်းကိုပျောက်ကင်းစေပါသည်။ မြတ်လေးဖြူပင်အရွက်ကို ကျက်ကျက်ကျို၍ ကျား၊ မ လိင်နာရောဂါများ၊ အနာများအတွက် ဖန်ဆေးရည်အဖြစ် အသုံးပြုနိုင်ပါသည်။ ၎င်းအရွက် ၁၀ ကျပ်သားနှင့် နှမ်းဆီ ၁၀ ကျပ်သားတို့ကို စိမ်၍ ရလာသောဆေးအဆီကို ပန်းသေ၊ ပန်းညိုးရောဂါအတွက် လိမ်းပေးလျှင် အလွန်သန်းစွမ်းလာစေပါသည်။ ရက်အနည်းငယ်ကြာအောင် ဤနည်းဖြင့် ပြုလုပ်ပေးနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ခါတော်မီ မြတ်လေးပန်းတို့ လှိုင်လှိုင်ပွင့်ကြရာ ဝါဆိုလရာသီတွင် မွှန်မွှန်မြတ်မြတ် ဘုရားလည်းလှူကာ ဆံကေသာထက် ဆင်မြန်းကြရင်း ဆေးဝါးအလို့ငှာအလိုရှိသလိုသုံးစွဲနိုင်ပါကြောင်း အကြံပြုရေးသားလိုက်ပါသည်။

# မအူပင်မြို့မှ ရန်ကုန်မြို့သို့ ဇွန်လတွင် ၂၄ ပြည်ဝင် မတ်ပဲအိတ်ရေ ၂၂၅၀၀၀ ထိ တင်ပို့ခဲ့ရ



**မအူပင် ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့မှ ရန်ကုန်မြို့သို့ ဇွန်လတွင် ၂၄ ပြည်ဝင် မတ်ပဲအိတ်ရေ ၂၂၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြ၍ သိရသည်။

မအူပင်မြို့မှ ရန်ကုန်မြို့သို့ ယခုနှစ် မေလက ၂၄ ပြည်ဝင် မတ်ပဲအိတ်ရေ ၁၇၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ၂၄ ပြည်ဝင် မတ်ပဲ အိတ်ရေ ၂၂၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် မတ်ပဲများကို မအူပင်မြို့မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှ တစ်ဆင့် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ရောင်းချနေကြောင်း သိရသည်။

"ဒေသက ပဲတွေ ရန်ကုန်မြို့ကို အများဆုံးတင်ပို့ရောင်းချတာပါ။ အခု ဆောင်းနဲ့ နွေသီးနှံလက်ကျန်ပဲတွေကိုပဲ တင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့ဇွန်လထဲမှာ ရောင်းအားတွေ တော်တော်တက်ခဲ့ပါတယ်။ မေလကထက် ပိုပြီးတင်ပို့ရောင်းချခဲ့ရပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ဝယ်ယူမှုကောင်းလာတာကြောင့် ရန်ကုန်ဘက်ကလဲ ဝယ်ယူမှုကောင်းခဲ့တာဖြစ်ပါတယ်။ မတ်ပဲတွေကို တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံဘက် အများဆုံး တင်ပို့ရောင်းချတာပါ။ မတ်ပဲဈေးကမကျသလို အဆမတန်ကြီးလဲ ထိုးတက်မလာသေးပါဘူး" ဟု မအူပင်မြို့မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ဇာဇာဦးက ပြောပြသည်။

မအူပင်မြို့မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချသည့် ၂၄ ပြည်ဝင် မတ်ပဲ တစ်အိတ်လျှင် ငွေကျပ် ၁၃၉၀၀၀ ထိ ဈေးပေါက်ပြီး အဆိုပါ မတ်ပဲများ ဈေးကောင်းရရှိခြင်းနှင့် ဝယ်ယူမှု အားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများနှင့် ကုန်တင်ကား အငှားလိုက်သူများ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# နတ်မောက်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်း ပို့ချ

**နတ်မောက် ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် ကြက်လျှာကျေးရွာနှင့် ရွာမွန်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ စီမံကိန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းပို့ချခြင်းကို ယနေ့နံနက် ၈ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြသန္တာက မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်နှင့် သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းအရာများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လုပ်ထုံးလုပ်နည်းများနှင့် ကျေးရွာက တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။




အဆိုပါသင်တန်းသို့ နတ်မောက်မြို့နယ်အတွင်းရှိ ကြက်လျှာကျေးရွာနှင့် ရွာမွန်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ၂၅ ဦးတက်ရောက်ကြပြီး သင်တန်းတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်ခန်းစာများကို တစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွန်းထံမှ သိရသည်။

**သူသူ(နတ်မောက်)**

# မြင်းမူမြို့နယ်တွင် ယခုနှစ် နှမ်းစပါး ၁၈၇၄ ဧက ရိတ်သိမ်းပြီးစီး

**စစ်ကိုင်း ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၁၈၇၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၁၈၇၄ ဧကကို ယခုနှစ် မေလမှစတင်ရိတ်သိမ်းခဲ့ကြရာ ယခုအခါ စိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉၃ ဒသမ ၄၅ တင်းထွက်ရှိကြောင်း သိရသည်။

"မြင်းမူမြို့နယ်မှာ ဒီနှစ်နွေစပါး ဧက ၁၈၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ စိုက်ပျိုးထားတဲ့နွေစပါးစိုက်ခင်းတွေ ရာနှုန်းပြည့် ရိတ်သိမ်းပြီးပါပြီ။ နွေစပါးသီးနှံစိုက်ပျိုးရာမှာ အချိန်မီ စိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားကျရောက်မှုမရှိအောင် ကာကွယ်နည်းစနစ်တွေ၊ စိုက်ပျိုးနည်းစနစ်တွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် နွေစပါးသီးနှံဧက ၁၉၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ကြရာ ၁၈၇၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးသည့် တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းပညာပေးခြင်း၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မြင်းမူမြို့နယ်တွင် နွေစပါးသီးနှံဧက ၁၉၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် အထွက်နှုန်း ၉၁ ဒသမ ၃၅ တင်းထွက်ရှိကြောင်း သိရသည်။

ထို့ပြင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၁၂၁၀၆ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် ကော့ခေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဇူလိုင် ၅**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့ခေးကျေးရွာနှင့် ခနိမ်းဒိုကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ကော့ခေးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ကော့ခေးကျေးရွာနှင့် ခနိမ်းဒိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၃ ဦးကို ပဉ္စမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၄၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဘိုဘို**

# ဖြူးမြို့နယ် ကြူအင်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဖြူး ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် ကြူအင်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ စုရပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူလူထုက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မင်းညွန့်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးသည်။

ဖြူးမြို့နယ် ကြူအင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာ၏ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍ သိရသည်။

**ကိုညို**

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ရဲအရေးမပိုင်သောပြစ်မှု ဘယ်ကို ဘယ်လို တိုင်လျှောက်ရမလဲ

ရှေ့နေ-ဦးဝင်းကြည်(စဉ့်ကိုင်)

ရာဇဝတ်ပြစ်မှုများကို ရဲစခန်းတွင် သွားရောက်တိုင်တန်းသည့်အခါ လက်ခံအရေးယူဆောင်ရွက်ပေးသည်များရှိသကဲ့သို့ လက်ခံအရေးယူဆောင်ရွက်ပေးခြင်းမရှိသည့်အမှုများလည်းရှိသည်။ ထိုသို့လာရောက်တိုင်တန်းသည့်အမှုကို ရဲစခန်းက လက်ခံအရေးယူဆောင်ရွက်မပေးသည့်အခါ လာရောက်တိုင်တန်းသူများက မကျေမနပ်ဖြစ်ကြသည်။ မည်သည့်အတွက် ရဲစခန်းက တိုင်တန်းသည့်အမှုကို လက်ခံဆောင်ရွက်ပေးခြင်းမရှိသည်ကို သိရှိသူများရှိသကဲ့သို့ မသိရှိသူများစွာရှိသည်။ ထို့ကြောင့် ရဲစခန်းတွင် တိုင်တန်းသည့်အမှုများကို မည်သည့်အတွက် လက်ခံဆောင်ရွက်ပေးခြင်းမရှိသလဲ၊ မည်သည့်အတွက်လက်ခံဆောင်ရွက်ပေးခြင်းရှိသလဲ၊ တိုင်တန်းခြင်းခံရသူ(တရားခံ)ကို မည်သည့်အခြေအနေတွင် ဖမ်းဆီးခွင့်ရှိပြီး မည်သည့်အခြေအနေတွင် ဖမ်းဆီးခွင့်မရှိသလဲ။ ရဲစခန်းက လက်မခံသည့်အမှုကို တရားရုံးသို့ မည်သို့တိုင်တန်းရမည်ကို သိရှိလိုကြောင်း ဥပဒေအသိပညာပေးရေးသားပေးပါရန် စာပေမိတ်ဆွေများက တောင်းဆိုသဖြင့် အများပြည်သူသိရှိနိုင်စေရန် ရေးသားတင်ပြခြင်းဖြစ်ပါသည်။

ရာဇဝတ်ပြစ်မှုများတွင် ရဲအရေးပိုင်သောပြစ်မှု (ရဲအရေးပိုင်သောအမှု)နှင့် ရဲအရေးမပိုင်သောပြစ်မှု (ရဲအရေးမပိုင်သောအမှု)ဟူ၍ ရှိသည်။

ရာဇဝတ်ကျင့်ထုံး (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ) ပုဒ်မ-၄(၁)တွင် "ဤဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ၊ ဆန့်ကျင်ကွဲလွဲသည့် သဘောမရှိလျှင် အောက်ပါစကားလုံးများနှင့် စကားရပ်များသည် ဖော်ပြထားသောအဓိပ္ပာယ်ကိုဆောင်သည်။

"ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှု" နှင့် "ရဲအရေးယူပိုင်ခွင့်ရှိသောအမှု"ဆိုသည်မှာ ရဲအရာရှိတစ်ဦးက ဒုတိယဇယားနှင့်အညီ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရသောပြစ်မှုနှင့်အမှုကို ဆိုသည်။

"ရဲအရေးယူပိုင်ခွင့် မရှိသောပြစ်မှု"နှင့် "ရဲအရေးယူပိုင်ခွင့်မရှိသောအမှု"ဆိုသည်မှာ ရဲအရာရှိတစ်ဦးက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရသောပြစ်မှုနှင့်အမှုကိုဆိုသည်"ဟု ပြဋ္ဌာန်းထားသည်။

ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှု (ရဲအရေးယူပိုင်ခွင့်ရှိသောအမှု)ကျူးလွန်သူကို ရဲအရာရှိတစ်ဦးသည် မည်သည့်နေရာဒေသတွင်မဆို ဖမ်းဆီးခွင့်ဝရမ်းမပါဘဲ ဖမ်းဆီးပိုင်ခွင့်ရှိသည့်ပြစ်မှုသည် ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှု(အမှု)ဖြစ်သည်။ ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများကို ရဲစခန်းတွင် အမှုဖွင့်တိုင်တန်းလျှင် ရဲစခန်းက အမှုလက်ခံဖွင့်ပေးရသည်။

ရဲအရေးယူပိုင်ခွင့်မရှိသောပြစ်မှု (ရဲအရေးယူပိုင်ခွင့်မရှိသောအမှု)ကျူးလွန်သူကို ရဲအရာရှိတစ်ဦးသည် တရားခံဖမ်းဆီးခွင့်ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိပေ။ ရဲအရေးယူပိုင်ခွင့်မရှိသောပြစ်မှုကို ရဲစခန်းသို့ သွားရောက်တိုင်တန်းလျှင် ရဲကအရေးယူဆောင်ရွက်နိုင်ခြင်းမရှိပေ။ ပြည်သူများက ရဲအရေးပိုင်သည်၊ မပိုင်သည်ကိုမသိ၍ ရဲစခန်းသို့ သွားရောက်အမှုတိုင်တန်းသည့်အခါ ယခင်က ရဲက ပြန်လွှတ်လေ့ရှိသောကြောင့် မကျေနပ်သူများရှိခဲ့သည်။

ထိုကဲ့သို့ ရဲစခန်းကအမှုတိုင်တန်းသူကို ဘာမျှဆောင်ရွက်ပေးခြင်းမရှိဘဲ ပြန်လွှတ်၍ မကျေနပ်မှုရှိကြောင်း လေ့လာတွေ့ရှိရသဖြင့် တိုင်ကြားချက်အပြည့်အစုံကိုရေးမှတ်၍ သက်ဆိုင်ရာပုံစံ(က)ဖြင့် တရားရုံးသို့ပေးပို့ရန် ပြည်ထဲရေးဝန်ကြီးဌာနက ညွှန်ကြားထားပြီးဖြစ်သည်။ ထို့ကြောင့် ရဲအရေးမပိုင်သောပြစ်မှုတိုင်ကြားချက်များကို ရဲစခန်းကအမှုဖြစ်စဉ်အကျဉ်းချုပ်ရေးသားပြီး တရားရုံးသို့ ဦးတိုက်လျှောက်ထားရန် လမ်းညွှန်ပေးလျက်ရှိသည်။

ရဲအရေးယူပိုင်ခွင့်မရှိသော ပြစ်မှု (အမှု)ကို တရားရုံးသို့ ဦးတိုက်လျှောက်ထားလျှင် လျှောက်လွှာတွင် ပါဝင်ရမည့်အချက်များမှာ-

(က) တရားစွဲဆိုသည့် တရားရုံးအမည်၊

(ခ) ခုနှစ်နှင့် ရာဇဝတ်ကြီး (ပြစ်မှုကြီး) သို့မဟုတ် ရာဇဝတ်(ပြစ်မှုဆိုင်ရာ) အထွေထွေ လျှောက်ထားမှု၊

(ဂ) တိုင်ကြားသူနှင့် တိုင်ကြားခံရသူတို့၏ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊

(ဃ) ပြစ်မှုကျူးလွန်ကြောင်း အချက်အလက် အထောက်အထားများ၊

(င) ကျူးလွန်သောပြစ်မှုအကြောင်းအရာ၊ အကျုံးဝင်သောပြစ်မှုပုဒ်မကို ဖော်ပြနိုင်သည်၊

(စ) မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးရန် တောင်းဆိုချက်၊

(ဆ) အထောက်အထား သက်သေခံချက်ရှိလျှင် တင်ပြရမည်၊ တတ်နိုင်လျှင် ဦးတိုက်လျှောက်လွှာနှင့်အတူ ပူးတွဲတင်ရမည်။ (တရားရုံးလက်စွဲ အပိုဒ်-၄၁၉)။

ရဲအရေးယူပိုင်ခွင့်မရှိသောပြစ်မှု (အမှု)များကို ရဲစခန်းက ပုံစံ(က)၊ (ခ)တို့ဖြင့် ပေးပို့သည့်အခါ ဦးတိုက်လျှောက်လွှာ(တိုင်ချက်)ပါ အချက်အလက်များအရ အမှုတွဲဖွင့်လုစ်ကာ ရာဇဝတ် (ပြစ်မှု)မှတ်ပုံတင်အမှတ်(၁)တွင် စာရင်းရေးသွင်းရသည်။ အမှုအမှတ်ထည့်သွင်းပြီးလျှင် မြို့နယ်တရားသူကြီးထံ တင်ပြရသည်။ ဦးတိုက်လျှောက်လွှာလက်ခံရရှိလျှင် တရားရုံး၌ စစ်ဆေးစီရင်ပိုင်ခွင့် ရှိ၊ မရှိ စိစစ်ရသည်။ စစ်ဆေးစီရင်ပိုင်ခွင့်မရှိပါက စစ်ဆေးစီရင်ပိုင်ခွင့်ရှိသောတရားရုံးသို့ လျှောက်ထားရန် မှတ်ချက်ကိုပါရေးသားပြီးလမ်းညွှန်ပေးရမည်။ စစ်ဆေးစီရင်ပိုင်ခွင့်မရှိသောပြစ်မှု(အမှု)ကို လက်ခံရရှိပါက စစ်ဆေးစီရင်ပိုင်ခွင့်ရှိသောတရားရုံးသို့ လျှောက်ထားရန်မှတ်ချက်နှင့်တကွ လွှဲပြောင်းမပေးမီ ရာဇဝတ်ကျင့်ထုံး(ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ)ပုဒ်မ-၂၀၀ အရ စစ်ဆေးရန်မလိုပေ။ မြို့နယ်တရားသူကြီးက ပြစ်မှု (အမှု)ကို စစ်ဆေးရန်အတွက် တာဝန်လွှဲပြောင်းပေးအပ်သည့်တရားသူကြီးထံ ဆက်လက်ပေးပို့ရသည်။

ဦးတိုက်လျှောက်ထားလွှာလက်ခံရရှိသည့် တရားသူကြီးသည် ရာဇဝတ်ကျင့်ထုံး(ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ) ပုဒ်မ -၂၀၀ အရ တိုင်တန်းသူကို ကျမ်းသစ္စာဖြင့် ချက်ချင်းစစ်ဆေးရမည်။ တိုင်တန်းသူ၏ ထွက်ဆိုချက်များကိုလည်း ရေးမှတ်ထားရမည့်အပြင် တိုင်တန်းသူနှင့် ရာဇဝတ်တရားသူကြီးတို့ကပါ လက်မှတ်ရေးထိုးရမည်။

တိုင်တန်းချက်ကို မိမိ၏တာဝန်ဝတ္တရားထမ်းဆောင်သည့်အနေဖြင့် သို့မဟုတ် ထမ်းဆောင်ရန် ပြုလုပ်သည့်အနေဖြင့် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးက တိုင်တန်းချက်ပြုလျှင် ရာဇဝတ်ကျင့်ထုံး(ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ)ပုဒ်မ-၂၀၀ အရ စစ်ဆေးရန် မလိုအပ်ပေ။

ဦးတိုက်လျှောက်ထားသူ၏ ထွက်ဆိုအစစ်ခံချက်များအရ လျှောက်ထားခံရသူ(တရားခံ)အပေါ် အရေးမယူမီ စုံစမ်းစစ်ဆေးရန် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် အကြောင်းပြချက်များရေးပြီး အမှုကို စုံစမ်းစစ်ဆေး အစီရင်ခံရန် သက်ဆိုင်ရာရဲတပ်ဖွဲ့ထံ ပေးပို့ စုံစမ်းစစ်ဆေးခြင်းပြုလုပ်ရန် ပုဒ်မ-၂၀၂ (၁) အရ ညွှန်ကြားနိုင်သည်။ ဤသို့ ညွှန်ကြားခြင်းကိုချိန်ဆပြီး လိုအပ်မှသာလျှင် ကျင့်သုံးသင့်သည်။ သာမန်အားဖြင့် ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှု(အမှု)ဖြစ်လျှင် ရဲသို့ စုံစမ်းစစ်ဆေးအစီရင်ခံရန် ညွှန်ကြားရသည်။

ဦးတိုက်လျှောက်ထားသူ၏ ထွက်ဆိုအစစ်ခံချက်၊ စုံစမ်းစစ်ဆေးအစီရင်ခံစာတို့အရ တိုင်တန်းခြင်းခံရသူ (တရားခံ)အပေါ် အရေးယူရန်အကြောင်းကိစ္စမပေါ်ပေါက်ကြောင်း တွေ့ရှိယူဆလျှင် လျှောက်ထားမှုနှင့်ပတ်သက်၍ အကျိုးအကြောင်း အကျဉ်းချုပ်ဖော်ပြပြီး အမှုကိုပယ်နိုင်သည်။ လျှောက်ထားသူက အမှုပယ်သည်ကိုကျေနပ်မှုမရှိပါက အထက်အဆင့်မြင့်တရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ ဦးတိုက်လျှောက်ထားသူ၏ လျှောက်ထားလွှာသည် အထောက်အထားမခိုင်လုံ၊ မပြည့်စုံ၍ ပလပ်ခြင်းမျိုးဖြစ်လျှင် ထပ်မံ၍ ခိုင်လုံသောအထောက်အထားများဖြင့် အမှုကိုပလပ်ခဲ့သည့် မူလစီရင်ပိုင်ခွင့်ရှိသည့်တရားရုံးတွင် ပြန်လည်လျှောက်ထားခွင့်ရှိသည်။

ဦးတိုက်လျှောက်လွှာနှင့် တိုင်တန်းသူကို စစ်ဆေးချက်၊ ရဲထံမှစုံစမ်းစစ်ဆေးသည့်အစီရင်ခံစာ (ရှိလျှင်)တို့အရ တိုင်တန်းခြင်းခံရသူအပေါ် အရေးယူရန် အကြောင်းရှိသည်ဟုယူဆလျှင် မည်သည့်ဥပဒေပုဒ်မအရ အရေးယူမည်ဟု မှတ်ချက်အမိန့်ရေးသားပြီး အမှုကို ဆက်လက်စစ်ဆေးရန်အတွက် တိုင်တန်းခြင်းခံရသူ(တရားခံ)ကို ရုံးသို့လာရောက်ရန် စီစဉ်ဆောင်ရွက်ရမည်။

ဦးတိုက်လျှောက်လွှာ၊ တိုင်လျှောက်လွှာရေးသားသည့်အခါ လိုရင်းတိုရှင်းဖြင့် အကြောင်းအရာကိုထိထိမိမိဖော်ပြရမည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပြောဆိုသည်များ၊ ပတ်ဝန်းကျင်မှလာရောက်ဖျန်ဖြေသည့်ကိစ္စရပ်များကို လိုရင်းသာဖော်ပြရမည်။ ရှည်လျားစွာဖော်ပြရန်မလိုပေ။ ထို့အတူ အမှုဖြစ်ပျက်သည့်အကြောင်းရင်းကိုသာ ရေးသားဖော်ပြတိုင်တန်းသင့်ပေသည်။

**ပထမသတင်းပေးတိုင်တန်းချက်- ပထမသတင်းပေးတိုင်တန်းချက်တွင် အဓိကအချက်များသာ ဖော်ပြရန်လိုအပ်ခြင်း၊ ရုံးရှေ့ထွက်ချက်တွင်ပါရှိသောအချက်များ ပထမသတင်းပေးတိုင်ချက်တွင်မပါရုံမျှဖြင့် ရုံးရှေ့ထွက်ချက်ကို လက်မခံထိုက်ဟု ကောက်ယူရန်မသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ဘိုကလေးမြို့နယ် ကဒုံကနီပြည်သူ့ရဲတပ်ဖွဲ့စခန်းတွင် ပေးခဲ့သော ပထမသတင်းပေး တိုင်တန်းချက်နှင့် ဦးဘရွှေ၏ အစစ်ခံချက်မှာ တူညီမှုမရှိဘဲ ကွဲလွဲလျက်ရှိသည်။ သို့ရာတွင် ပထမသတင်းပေး တိုင်တန်းချက်ဆိုသည်မှာ အချင်းဖြစ်ပွားခဲ့သည်ကို လာရောက်တိုင်တန်းသတင်းပေးခြင်းမျှသာဖြစ်၍ အမှုအဖြစ်အပျက် အသေးစိတ်ပါလေ့မရှိပေ။ ပါရှိရန်လည်း မလိုအပ်ပေ။ အဓိကအချက်ကိုသာ ဖော်ပြရန်လိုပေသည်။ တိုင်တန်းချက်ကိုရယူသော ရဲအရာရှိသည် တရားရုံးရှေ့တွင် သက်သေတစ်ဦးကို စစ်ဆေးမေးမြန်းသကဲ့သို့ စစ်ဆေးမေးမြန်းသည်မဟုတ်ပေ။ ဆက်လက်စုံစမ်းစစ်ဆေးရာတွင် လိုအပ်မည့် အဓိကအချက်ကိုသာ မှတ်သားရယူရသည်။ ရုံးရှေ့တွင် ထွက်ဆိုသောအခါ၌သာ တိုင်တန်းသူသည် မေးမြန်းသော မေးခွန်းများအပေါ် မူတည်၍ အချက်အလက်အပြည့်အစုံကို ဖြေကြားထွက်ဆိုရသည်ဖြစ်၍ ဦးဘရွှေ၏ ရုံးရှေ့အစစ်ခံချက်မှာ လက်မခံထိုက်ဟု ကောက်ယူရန် မသင့်ပေ။ (ဦးဘရွှေနှင့်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ ၁၉၇၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၇၇ )တွင် ဆုံးဖြတ်ထုံးဖွဲ့ထားသည်။

အထက်ပါစီရင်ထုံးကဲ့သို့ တိုင်တန်းချက်တွင် အဓိကအရေးကြီးသော အကြောင်းအရာကိုသာ ဖော်ပြရန်လိုအပ်ကြောင်း လမ်းညွှန်ထားသည့် စီရင်ထုံးများစွာရှိသည်။

"ရဲအရေးယူပိုင်ခွင့်မရှိသောပြစ်မှု"နှင့် "ရဲအရေးယူပိုင်ခွင့်မရှိသောအမှု"တို့ကို သက်ဆိုင်ရာရဲစခန်းများတွင် တိုင်တန်းပါက ရှေးယခင်က လက်ခံဆောင်ရွက်ပေးခြင်းမရှိသော်လည်း ယနေ့အချိန်အခါ တိုင်တန်းချက် အကျဉ်းချုပ်ကို ရေးမှတ်ပြီး စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် တရားရုံးသို့သွားရောက်၍ ဦးတိုက်လျှောက်ထားရန် လမ်းညွှန်ဆောင်ရွက်ပေးနေပြီဖြစ်သည်။ ရဲအရေးယူပိုင်ခွင့်မရှိသောပြစ်မှုကို သက်ဆိုင်ရာတရားရုံးတွင် မည်ကဲ့သို့ တရားစွဲဆိုဆောင်ရွက်ရမည်ကို သာမန်အားဖြင့် နားလည်ဆောင်ရွက်နိုင်လိမ့်မည်ဟု စေတနာသဘောရိုးဖြင့် ယုံကြည်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

❖ ရဲအရေးယူပိုင်ခွင့်မရှိသောပြစ်မှု (ရဲအရေးယူပိုင်ခွင့်မရှိသောအမှု) ကျူးလွန်သူကို ရဲအရာရှိတစ်ဦးသည် တရားခံဖမ်းဆီးခွင့်ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိပေ။ ရဲအရေးယူပိုင်ခွင့်မရှိသောပြစ်မှုကို ရဲစခန်းသို့ သွားရောက်တိုင်တန်းလျှင် ရဲကအရေးယူဆောင်ရွက်နိုင်ခြင်းမရှိပေ။ ပြည်သူများက ရဲအရေးပိုင်သည်၊ မပိုင်သည်ကိုမသိ၍ ရဲစခန်းသို့ သွားရောက်အမှုတိုင်တန်းသည့်အခါ ယခင်က ရဲကပြန်လွှတ်လေ့ရှိသောကြောင့် မကျေနပ်သူများရှိခဲ့သည်။ ❖

# ဘားအံမြို့နယ် ဒုံသို့ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဘားအံ ဇူလိုင် ၅**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ကော့ထမွလိန်းအုပ်စု ဒုံသို့ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ ရွာလယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးသူရလွင်နှင့် ဝန်ထမ်းများက တက်ရောက်လာသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင် ကိုးဦးကို ရွေးချယ်ပေးခဲ့သည်။

ဒုံသို့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်သူများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးမည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။ **ဘိုဘို**

# UAE နိုင်ငံက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင် ခုနစ်နှစ်အတွင်း ကန်ဒေါ်လာ ၅၄ ဘီလီယံထိ ရင်းနှီးမြှုပ်နှံမည်



**အဘူဒါဘီ ဇူလိုင် ၅**

အာရပ်စော်ဘွားများ ပြည်ထောင်စု(UAE)နိုင်ငံသည် ကြီးထွား လာသော နိုင်ငံ၏စွမ်းအင်ကဏ္ဍလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင် လာမည့်ခုနစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၅၄ ဘီလီယံထိ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း UAE နိုင်ငံ ဒုတိယသမ္မတ၏ ဇူလိုင် ၃ ရက် ပြောကြားချက်များကို ကိုးကား၍ Tech Xplore သတင်းဌာနက ဇူလိုင် ၄ ရက်တွင် ရေးသားဖော်ပြထားသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စု၏ မွမ်းမံပြင်ဆင်ထားသည့် အမျိုးသားစွမ်းအင် မဟာဗျူဟာအရ လာမည့်ခုနစ်နှစ်အတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို သုံးဆတိုးလာစေရန်နှင့် နိုင်ငံစွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ မှ ၅၄ ဘီလီယံထိ ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ထားကြောင်း ဇူလိုင် ၃ ရက်က ကျင်းပသော ဝန်ကြီးအဖွဲ့အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတ Sheikh Mohammed bin Rsahid AI Maktoum က ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်တွင် ဓာတ်ငွေ့ထုတ်လွှတ်မှုနည်းသော ဟိုက်ဒရိုဂျင်လောင်စာအတွက် ရင်းနှီးမြှုပ်နှံမှုများနှင့် လျှပ်စစ်ကားများအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့ ပါဝင်ကြောင်း၊ အာရပ်စော်ဘွားများပြည်ထောင်စုသည် နိုင်ငံအတွင်းရှိ သဲကန္တာရဂေါက်ကွင်းများကို ရေလောင်းရန် စက်ရုံများ၊ လေအေးပေးစက်များနှင့် အလူမီနီယံအရည်ကျိုလုပ်ငန်းကဲ့သို့ အကြီးစားစက်မှုလုပ်ငန်းများအတွက် စွမ်းအင်အမြောက်အမြားလိုအပ်လျက်ရှိကြောင်း သိရသည်။ AZH

# ကမ္ဘာတစ်ဝန်း အယ်လ်နီညိုရာသီဥတုစတင်နေပြီး အသက်အန္တရာယ်ရှိသောဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**ဝါရှင်တန် ဇူလိုင် ၅**

ကမ္ဘာတစ်ဝန်း အယ်လ်နီညိုရာသီဥတု စတင်ဝင်ရောက်နေပြီး အပူချိန်စံချိန်တင်ကာ အသက်အန္တရာယ်ရှိနိုင်သော ဖြစ်စဉ်များဖြစ်ပေါ်လာနိုင်ကြောင်း ကုလသမဂ္ဂ မိုးလေဝသအေဂျင်စီက ဇူလိုင် ၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်ဟု CNBC သတင်းဌာနက ဇူလိုင် ၄ ရက်တွင် ရေးသားဖော်ပြထားသည်။

ကုလသမဂ္ဂမိုးလေဝသအေဂျင်စီသည် ဇူလိုင် ၄ ရက်တွင် ကမ္ဘာအနှံ့ အယ်လ်နီညိုရာသီဥတု စတင်ဝင်ရောက်နေပြီဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာအပူချိန်မြင့်တက်မှုနှင့် ပြင်းထန်သော ရာသီဥတုအခြေအနေများဖြစ်ပေါ်လာနိုင်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"ကြီးမားတဲ့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေနဲ့ဆက်စပ်ပြီး ပေါ်ပေါက်လာနိုင်တဲ့ ကြီးမားတဲ့ရာသီဥတုဆိုင်ရာဖြစ်ရပ်တွေအတွက် ကြိုတင်ပြင်ဆင်တာ၊ ကြိုတင်သတိပေးတာတွေ လုပ်ဆောင်ပြီး လူတွေရဲ့ အသက်နဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းတွေကို ကယ်တင်နိုင်ဖို့ အရေးကြီးပါတယ်"ဟု ကုလသမဂ္ဂ မိုးလေဝသအေဂျင်စီ၏ အထွေထွေအတွင်းရေးမှူး ပက်ထရီတားလက်စ်က ကမ္ဘာတစ်ဝန်းရှိ အစိုးရများကို တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂမိုးလေဝသအေဂျင်စီ၏ အဆိုအရ အယ်လ်နီညိုဖြစ်စဉ်သည် အလယ်အလတ်အဆင့်အင်အားရှိကြောင်း၊ အပူချိန်စံချိန်တင်မြင့်တက်လာစေပြီး ကမ္ဘာ့နေရာအများအပြားနှင့် ပင်လယ်သမုဒ္ဒရာများတွင် ပိုမိုပြင်းထန်သောအပူချိန်ကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မှတ်တမ်းများအရ ကမ္ဘာ့အပူဆုံးနှစ် တစ်နှစ်ဖြစ်သော ၂၀၁၆ ခုနှစ်ကလည်း ကမ္ဘာ့အပူချိန်မြင့်မားမှုကို အားကောင်းသည့် အယ်လ်နီညိုဖြစ်စဉ်တစ်ခုမှ စတင်ခဲ့ကြောင်း သိရသည်။

AZH

# ပီရူးနိုင်ငံရှိ ယူဘီနက်စ်မီးတောင်လှုပ်ရှားမှုကို မီးတောင်အန္တရာယ် လိမ္မော်ရောင်အဆင့်မှ အရေးပေါ်အခြေအနေအဖြစ်ကြေညာရန် ပြင်ဆင်နေ

**လိမာ ဇူလိုင် ၅**

ပီရူးနိုင်ငံတောင်ဘက်ပိုင်း မိုကွီဂါနယ်မြေရှိ ယူဘီနက်စ်မီးတောင်အတွင်း လှုပ်ရှားမှုများဆက်တိုက်ဖြစ်ပေါ်နေသဖြင့် ပီရူးအာဏာပိုင်အဖွဲ့အစည်းက မီးတောင်အန္တရာယ် လိမ္မော်ရောင်အဆင့်မှ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာရန် ပြင်ဆင်နေကြောင်း ထုတ်ပြန်ခဲ့သည်ဟု Head Topics သတင်းဌာနက ဇူလိုင် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူဘီနက်စ်မီးတောင်သည် ပီရူးနိုင်ငံရှိ မီးတောင်များအနက် သက်ဝင်လှုပ်ရှားမှုအရှိဆုံး မီးတောင်ဖြစ်ပြီး မီးတောင်အတွင်းမှ ချော်ရည်ငွေ့များထွက်ပေါ်နေသည်မှာလည်း ရက်အနည်းငယ်ထိ ကြာမြင့်နေပြီဖြစ်သည့်အတွက် အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပီရူးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ပြည်သူ့ကာကွယ်ရေးအမျိုးသားအင်စတီကျုက မီးတောင်အတွင်းမှ ချော်ရည်ငွေ့များသည် မီးတောင်မှ ကောင်းကင်အထက် မီတာ ၁၇၀၀ ထိ ပျံ့နှံ့ရောက်ရှိနေပြီး ဇူလိုင် ၃ ရက်ထိ မီးတောင်အန္တရာယ် အဝါရောင်အဆင့် သတ်မှတ်ထားသော်လည်း ဇူလိုင် ၄ ရက်မှစ၍ လိမ္မော်ရောင်အဆင့်အဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ပီရူးနိုင်ငံ တောင်ဘက်ပိုင်းဒေသများသည် သတ္တုမိုင်းတွင်းလုပ်ကွက်များ တူးဖော်ခြင်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုလုပ်နေခြင်းဖြစ်ပြီး မီးတောင်ပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားလျှင် သတ္တုမိုင်းတွင်းများကြောင့် ပိုမိုအန္တရာယ်များနိုင်သဖြင့် ပီရူးဝန်ကြီးချုပ် အယ်ဘာတိုအိုတာရိုလာက လာမည့်ရက်ပိုင်းအတွင်း အရေးပေါ်အခြေအနေ သတ်မှတ်သွားရန် ဆုံးဖြတ်ထားကြောင်း ထုတ်ပြန်ခဲ့သည်။

မီးတောင်နှင့် နီးကပ်နေသည့်ဒေသများတွင် နေအိမ် ၂၀၀၀ ကျော်ထိရှိနေပြီး ဒေသခံများကို မီးတောင်ပေါက်ကွဲမှု ဖြစ်ပေါ်လာပါက အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရေး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် ဝန်ကြီးချုပ်က နိုင်ငံပိုင် ရုပ်သံလိုင်းမှတစ်ဆင့် သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**



# တောမီးလောင်ကျွမ်းမှုအရှိန်ပြင်းထန်သဖြင့် ဆိုက်ဘေးရီးယားဒေသကို တောမီးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

**မော်စကို ဇူလိုင် ၅**

ရုရှားအရှေ့ဖျား ဒေသတစ်ခုဖြစ်သည့် ဆိုက်ဘေးရီးယားနယ်မြေတွင် ဇူလိုင် ၃ ရက်မှစ၍ တောမီးပြင်းထန်စွာ လောင်ကျွမ်းနေပြီး အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုလျင်မြန်စွာပျံ့နှံ့နေသဖြင့် ဆိုက်ဘေးရီးယားဒေသကို တောမီးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပြီဖြစ်ကြောင်း ဆိုက်ဘေးရီးယားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Aljazeera သတင်းဌာနက ဇူလိုင် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အပူချိန်မြင့်မားမှုကြောင့် တောမီးလောင်ကျွမ်းမှုမှာ အချိန်တိုအတွင်း ဧက ၆၁၀၀၀ ထိ လောင်ကျွမ်းနေပြီး အဆိုပါဧရိယာမှာနယူးယောက်မြို့ အကျယ်အဝန်းထက် သုံးဆမြင့်မားနေကြောင်း၊ တောမီးအမြန်ဆုံးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၆၂၀ နှင့် မီးသတ်ကား ၃၃ စီးအပြင် လေကြောင်းအကူအညီကိုပါ ရယူထားကြောင်း ဆိုက်ဘေးရီးယားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း အပူချိန်တွေမြင့်တက်ခဲ့တယ်။ အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီး အချိန်တိုအတွင်း တောမီးအန္တရာယ် ပျံ့နှံ့မှုမြန်ဆန်ခဲ့တယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင် အယောက် ၆၂၀ ထိ အသုံးပြုထားသလို တောမီးကို မြေပြင်ကနေ ငြိမ်းသတ်ဖို့အတွက် မီးသတ်ကား ၃၃ စီးအသုံးပြုထားပြီး လေကြောင်းအကူအညီလဲ ရယူထားပါတယ်"ဟု ဆိုက်ဘေးရီးယားအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ နီကိုလာယက်ဖ်က ပြောကြားခဲ့သည်။

ဆိုက်ဘေးရီးယားနယ်မြေသည် နှစ်စဉ်နှစ်တိုင်း တောမီးလောင်ကျွမ်းမှုအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့်နယ်မြေဖြစ်ပြီး တောမီးလောင်ကျွမ်းမှုကာကွယ်ရေးအတွက် ဘတ်ဂျက်ကို သုံးဆထိမြှင့်တင်ထားသည့် နယ်မြေဖြစ်ကြောင်း သိရသည်။

**နိုင်းဆက်**

# တရုတ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရ

**ပေကျင်း ဇူလိုင် ၅**

တရုတ်နိုင်ငံတွင် ဇွန်လနောက်ဆုံးပတ်မှစ၍ အပူချိန်ဆက်တိုက်မြင့်တက်ခဲ့ပြီးနောက် ဇူလိုင် ၃ ရက်တွင် မိုးသည်းထန်စွာရွာသွန်းကာ တရုတ်နိုင်ငံ မြောက်ဘက်ပိုင်းတွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည်ဟု SCMP သတင်းဌာနက ဇူလိုင် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုအပြင် မိုးသီးမုန်တိုင်းပါကျရောက်ခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး ရေဘေးအန္တရာယ်ကြောင့်လူတစ်ဦးသေဆုံးကာ နှစ်ဦးပျောက်ဆုံးနေကြောင်း၊ အပူချိန်မြင့်တက်ချိန်တွင် စံချိန်တင်အပူချိန်မြင့်တက်ခဲ့ပြီး ရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် တရုတ်နိုင်ငံအတွင်း ရာသီဥတုလွန်ကဲမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲမှုမြန်ဆန်နေခြင်းမှာ ရာသီဥတုဖောက်ပြန်မှုပြဿနာကြောင့်ဖြစ်ကြောင်း၊ ရာသီဥတုလွန်ကဲမှုအန္တရာယ်ဖြင့်ရင်ဆိုင်နေရသည့် တရုတ်ပြည်သူ ၁ ဒသမ ၄ ဘီလီယံကျော်ထိရှိနေကြောင်း၊ မွန်ဂိုလီးယား ကုန်းတွင်းပိုင်းဒေသများတွင်လည်း မိုးသည်းထန်စွာရွာသွန်းကာ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး မြေပြိုကျမှုများကြောင့် ဒေသခံတချို့ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း မွန်ဂိုလီးယား အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။

တရုတ်နိုင်ငံ တောင်ဘက်ပိုင်း ကွေ့ကျိုးပြည်နယ်အနောက်တောင်ဘက်ပိုင်းတွင်လည်း ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး ဒေသခံအမြောက်အမြားဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း၊ စီချွမ်းပြည်နယ်တွင်လည်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး စီချွမ်းအာဏာပိုင်အဖွဲ့အစည်းက ကယ်ဆယ်ရေးဝန်ထမ်း အမြောက်အမြားကို စေလွှတ်ပေးထားကြောင်း ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ အောင်မြင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဖြစ်ရန်အတွက် ထုတ်လုပ်သည့်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရန်နှင့် ထုပ်ပိုးမှုများအဆင့်မီအောင်ဆောင်ရွက်၍ သုံးစွဲသူများစိတ်ပါဝင်စားမှုရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်...

❖ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရန်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းအရည်အသွေးပိုမိုကောင်းမွန်ရန်လိုအပ်မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်မှသာ မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင်ပြုလုပ်သောမြိတ်ခရိုင်အတွင်းရှိ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

OUR SERVICES

Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services

Loans , Overdraftand Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
Mobile Banking and Internet Banking Services

MPU "စိတ်ချရတဲ့ မြဝတီဘဏ်" Phone No: (01) 2301367, 2301368, 2301452, 2301378